မြေကြီးမှန် The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ စနေနေ့၊ (20-10-2007) (၅၄၇၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

အမိအဖတို့ကိုလုပ်ကျွေးသော သားသမီးများကို လူများ၊ နတ်များ ချစ်ခင်နှစ်သက်ကြခြင်း၊ မေတ္တာစိတ်သည် အန္တရာယ်ကင်း၍ တိရစ္ဆာန်များ၏ ချစ်ခင်စောင့်ရှောက်မှုကိုပင် ရရှိနိုင်ခြင်း၊ မှန်ကန်သော သစ္စာတရားများကြောင့် သေဘေးမှလွတ်ကင်းကာ ချမ်းသာမှုကို ရရှိခြင်း၊ ရသတဏှာနောက်လိုက်မိပါက ကြီးစွာသော စိတ်ဒုက္ခနှင့် ရင်ဆိုင်ရတတ်ခြင်း၊ ဝန်ခံတတ်သည့် သူတော်ကောင်းအကျင့်သည် အမှန်ဘဝရောက်၍ တည်ငြိမ်အေးချမ်းသည့် သုခများသာ ရရှိခြင်း ဆိုသည့် အနှစ်သာရများဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေ တင်ဆက်သည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စီးပွားရေးပိတ်ဆို့မှုတွေလုပ်ပေးပါလို့ တောင်းဆိုခဲ့တာတွေဟာ ဖုံးကွယ်လို့ရနိုင်တဲ့ ကိစ္စတွေမဟုတ်ပါဘူး

ဒီနေ့အစိုးရက ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ မြန်မာနိုင်ငံကို စီးပွားရေးအဆက်အသွယ် ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေးဆိုတဲ့ ဆောင်ရွက်ပိတ်ဆို့မှု (၄)ချက်ကို စွန့်ပါဆိုတော့ အန်တီစုရဲ့ နောက်လိုက်တွေနဲ့ ပြည်ပအဖျက်အမှောင့်တွေက တစ်ခါမှ မကြားဖူးတဲ့စကားကို အခုမှ ကြားဖူးသလိုမျိုး အတင်းငြင်းနေကြပါတယ်။ တစ်ခါမှ မကျူးလွန်ဖူးတဲ့ ပြစ်မှုကို နောင်မကျူးလွန်ပါဘူးလို့ ဝန်ခံခိုင်းသလို ဖြစ်နေပြီဆိုပြီး အတင်းကာနေကြပါတယ်။ တကယ်တော့ "အမိန့်အာဏာဟူသမျှ တာဝန်အရ ဗီဆန်ကြ" လို့ ပြောခဲ့တာတွေ၊ " We have to choose either dialogue or utter devastation **" လို့ အန်တီစုကိုယ်တိုင် အင်္ဂလိပ်လိုပြောဆိုကြေညာခဲ့တာတွေ၊ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ပေးပါလို့ တောင်းဆိုခဲ့တာတွေဟာ ဖုံးကွယ်လို့ရနိုင်တဲ့ ကိစ္စတွေမဟုတ်ပါဘူး။ ထို့အတူ ပြပြင်ဖို့လည်း ခက်ခဲတဲ့အရာတွေမဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။**

ချမ်းမြအေး၏ "မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည်(၁)"

(ဆောင်းပါး) စာမျက်နှာ – ၈၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀–၁၀–၂၀၀၇
(စနေနေ့)

စားနပ်ရိက္ခာဖူလုံပိုလျှံရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်

မျက်မှောက်အချိန်အခါတွင် စားနပ်ရိက္ခာဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ နေရာဒေသမရွေး နေ့စဉ်စားနပ်ရိက္ခာဖူလုံစွာရရှိရေး၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ရေးတို့သည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။ အဆိုပါ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် သီးနှံစိုက် ဧရိယာဟက်တာ သန်းနှစ်ဆယ်ကျော်ရှိပြီး ပင်မရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးသော ဧရိယာဟက်တာ ၈ ဒသမ ၁ သန်းကျော်အထိရှိသည်။ ယခုအခါ ဆန်တန်ချိန် ၁၄ ဒသမ ၇ သန်းကျော် ထွက်ရှိရာ ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ရုံမျှမက ပိုလျှံသည်များအား ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်အတွက် တစ်ဖက်မှ အထောက်ကူပြုနိုင်လျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ၌ သီးနှံများ တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးစီမံကိန်း ၂၀၃ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၀၅ ခုတို့ကို တည်ဆောက်ပံ့ပိုးပေးနေသည်။ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် စပါးသာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံကို ပြည်ပသို့ပင် တင်ပို့ရောင်းချနေပြီ ဖြစ်သည်။

သားငါးကဏ္ဍထုတ်လုပ်မှုသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသည်။ မြန်မာ့ကမ်းရိုးတန်းနှင့် မြစ်ချောင်းအင်းအိုင်များ၌ ငါးပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိရာ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ပင် တင်ပို့ရောင်းချလျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေး၊ သားငါးကဏ္ဍများ တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက စားနပ်ရိက္ခာဖူလုံရုံမျှမက ပိုလျှံစွာထွက်ရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဝါးခယ်မမြို့ ဈေးရပ်ကွက် မြို့မလမ်းနေ ဇနီးဒေါ်မြနှင့် သားသမီးမြေးတစ်စုတို့က ကွယ်လွန်သူ ခင်ပွန်း ဦးမြင့်စိန်အားရည်စူး၍ ကြေးပြား ငါးချပ်၊ တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း အမှတ်(၄)ရပ်ကွက် ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာနေ အလှူရှင် ဦးသန်းလွင်–ဒေါ်နီနီဝင်း မိသားစုတို့၏ မိဘကျေးဇူးဆပ် ထေရဝါဒအထူးတရားပွဲကို မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ (သာသနတက္ကသီလဓမ္မာစရိယ)က အောက်တိုဘာ ၂၃ရက်၊ ၂၄ရက်နှင့် အရှင်ကဝိဓဇ (သာသနတက္ကသီလဓမ္မာစရိယ)၊ မဟာပုညာရာမတိုက်၊ ရွာမကျောင်း၊ ဖျာပုံမြို့က အောက်တိုဘာ ၂၅ရက်တွင် မြတ်လေးရုံ ပညာဗိမာန် သုံးထပ်ကျောင်းဆောင်၌ ညစဉ် ၆နာရီမှ ၈နာရီအထိ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဗညားဒလလမ်း ဝဲယာ မြေအောက်ရေနုတ်မြောင်း တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့ရေစီးရေလာကောင်းမွန်ရေး၊ ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးနှင့် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအား တိုးချဲ့မွမ်းမံပြင်ဆင် နေမှုလုပ်ငန်း အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၆နာရီ ၄၅မိနစ်တွင် ယုဇနပလာဇာရှေ့ရှိ ဗညားဒလလမ်းသို့ ရောက်ရှိပြီး ဗညားဒလလမ်း ဘေးဝဲယာများနှင့် ဆက်စပ်လမ်းများရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း တည်ဆောက်နေမှုလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ မြေအောက်ရေနုတ်မြောင်းဖုံး၊ ကြိုတင်အားဖြည့် ကွန်ကရစ်ဘလောက်တုံးများ ပြုလုပ်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအချောသတ် အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းဆုံအနီး ကမ္ဘာအေးစေတီလမ်းအား အကြီးစား ပြုပြင်ထိန်းသိမ်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ပြည်လမ်းအကြား ပါရမီလမ်းရှိ ရေပေါက်ကြည့် ရေနုတ်မြောင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိပြီး ကျောက်မျက်ပြပွဲများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျောက်မျက်သိုလှောင်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအား တိုးချဲ့မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်တံတား ချဉ်းကပ်လမ်းသို့ သွားရောက်၍ ဘုရင့်နောင်တံတား ချဉ်းကပ်လမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ကြရန် တာဝန်ရှိသူများ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

တာမွေမြို့နယ် ကျိုက္ကဆံအိမ်ရာနေ ဒေါက်တာထွန်းလွင်(ငြိမ်း)–ဒေါက်တာနန်းအိခင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာ၊ သီလရှင်များအတွက် ဆွမ်းတစ်နေ့စာ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

စည်သွတ်အစားအသောက်နှင့် ပတ်သက်၍ အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော စည်သွတ်ဘူးနမူနာများကို ဝယ်ယူစိစစ် ရာအောက်ဖော်ပြပါ စည်သွတ်ဘူးအမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရရှိထားခြင်းမရှိပါကြောင်းနှင့် ဘူးခွံဟောင်းများကို ပြန်လည်သုံးစွဲခြင်း၊ အမှတ်တံဆိပ်တွင် ဖော်ပြရန်အချက်များ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် စားသုံးရန်မသင့်သော စည်သွတ်ဘူးများ ဖြစ်ကြောင်း အသိပေးအပ်ပါသည်–

စဉ်	အမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	လပ်ကီးစတား/Lucky Star အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	SA Canning Industry Myanmar
၂။	Diamond Star အမှတ်တံဆိပ် ကြက်သားစည်သွတ်ဘူး	မပါရှိပါ
၃။	Top-1(A_1) အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၄။	FLIGHT အမှတ်တံဆိပ် ကြက်သားစည်သွတ်ဘူး	မပါရှိပါ

၃။ စည်သွတ်အစားအသောက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလိုသူသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လက်မှတ်ရရှိပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒဂုံတံတားအပြီးသတ် တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ပြည်ပပို့ကုန်၊သွင်းကုန်များ သီလဝါဆိပ်ကမ်းမှတစ်ဆင့် အချိန်တိုအတွင်းသယ်ယူပို့ဆောင်နိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိ၍ စီမံကိန်းလုပ်ငန်းများ အပြီးသတ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒဂုံတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၀ နာရီတွင် ဒဂုံတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိလာရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုတင်ပြင်ဆင်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံတံတား ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဗဟိုမဏ္ဍပ် ကြိုတင်ပြင်ဆင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဒဂုံတံတားကို ဆေးသုတ်ဆောင်ရွက်ခြင်းအပါအဝင် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဖြည့်စွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်နှင့် စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်တို့က ဖွင့်ပွဲမတိုင်မီ အပြီးသတ်လုပ်ငန်းများ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတား၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများကို နိုင်လွန်ကတ္တရာများ ခင်းကျင်းဆောင်ရွက် ပြီးစီးမှု၊ ဆေးသုတ်ဆောင်ရွက်ခြင်း၊ ဗဟိုမဏ္ဍပ်နှင့် မုခ်ဦးလုပ်ငန်းများ အပါအဝင် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖွင့်ပွဲမတိုင်မီ၊ ဖွင့်ပွဲကျင်းပချိန်နှင့် ဖွင့်ပွဲအပြီးတို့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ကဏ္ဍအလိုက် ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည် ငါးမိုင် ခြောက်ဖာလုံကို ဒဂုံတံတား၏ ခွင့်ပြုတန်ချိန် ၇၅ တန်နှင့်အညီ ခံနိုင်ဝန်ရရှိစေရန်နှင့် အကျယ် ၂၄ ပေရှိ နှစ်လမ်းသွားလမ်းအဖြစ် ပထမအဆင့် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်၍ လေးလမ်းသွား အကျယ်ဖြစ်စေရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

လူမှုစီးပွားအကျိုးပြု

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပို့ကုန်၊ သွင်းကုန်များ အပါအဝင် ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက် မြန်ဆန်လာရေးသာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကိုပါ တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မျက်ခြည်မပြတ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေး၊ သတ်မှတ်အခွန်အခများ လေလွင့်မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရေး၊ သန်လျင်ဘက် ချဉ်းကပ်လမ်း အရှည်ငါးမိုင် ခြောက်ဖာလုံကိုစံချိန်စံညွှန်းမီဖြင့် အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လမ်းဘေး ဝဲယာတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် လေကာပင်များကို စနစ်တကျ စိုက်ပျိုးရေးတို့ကိုမှာကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒဂုံတံတား၏ ပင်မတံတားနှင့် ချဉ်းကပ်တံတားတို့တွင် နိုင်လွန်ကတ္တရာ အချောသပ်ခင်းကျင်းနေမှု၊ အပြီးသတ် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံတံတား၏ အပြီးသတ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကိုမော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်ဘက်ခြမ်းရှိ ချဉ်းကပ်လမ်း အရှည် ငါးမိုင်ခြောက်ဖာလုံအား နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားသည် စုစုပေါင်း အရှည် ၄၅၄၀ ပေရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေရှိကာ ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ ၇၅ တန်ဖြစ်သည်။

ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသော ခြောက်လမ်းသွားတံတားဖြစ်ပြီး ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်၍တစ်ဖက်လျှင် ခြောက်ပေအကျယ် လူသွားလမ်းပါရှိသည်။

အဆိုပါ ဒဂုံတံတားကို မြန်မာ အင်ဂျင်နီယာများ၏ စွမ်းပကားဖြင့်သာ ကြိုးပမ်းတည်ဆောက်ခဲ့ရာ တံတားပြီးစီးနေပြီဖြစ်၍ အနာဂတ်တွင် ပေါ်ထွန်းလာတော့မည့် သီလဝါအထူးစီးပွားရေး စက်မှုဇုန်ကို အထောက်အကူပြုစေမည့် (Supporting Industry Zone)များ ဖြစ်သည့် ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်များ အပါအဝင် ရန်ကုန်မြို့ရှိ စက်မှုဇုန်မှ ပြည်ပပို့ကုန်၊ သွင်းကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များနှင့် ပဲခူးတိုင်း အတွင်းရှိ မြို့နယ်များအပါအဝင် ဒေသ၏ ကုန်စည်စီးဆင်းမှုသည် ပိုမိုသွက်လက် လျင်မြန်လာမည်ဖြစ်ပြီး ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့သာမက ဒေသခံများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူးများ တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာသွားတော့မည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Le Hai Chu နှင့် အသစ်တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူး Dr. Hoang Thinh Lam တို့သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ဗီယက်နမ် ကုန်စည်ပြပွဲကျင်းပနိုင်ရေးကိစ္စ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ကျင်းပသည့် First ASEAN Capitals Business Forum သို့ ဤအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ကိုယ်စားလှယ်တစ်ဦးတို့ တက်ရောက်သည့်ကိစ္စများကိုဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အသင်းချုပ်တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေးလည်း တက်ရောက်သည်။ (သတင်းစဉ်)

ကမ္ဘာအေးစေတီ ရွှေထီးတော်သစ် တင်လှူပူဇော်နိုင်ရေး လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီးကို ထီးတော်သစ်တင်လှူပူဇော်ရန် Stain-less Steelရွှေရောင်ထီးတော်သစ်ကြီး ပြုလုပ်လျက်ရှိပြီး ကမ္ဘာအေးစေတီတော်ရင်ပြင်၌ ထားရှိအပူဇော်ခံလျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက ငွေကြေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိနေကြသည်။

အလှူရှင်များအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၆၂၈၈၂၊ ၆၆၀၀၀၂၊ ၆၆၅၄၂၅ တို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ စောင်းတန်းရေစက်ချပွဲနှင့် ဆီမီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာသာရကြီးမှူး၍ အောက်တိုဘာ ၂၆ ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် ဆယ့်တစ်မီးငြိမ်းစေတီတော် စောင်းတန်းရေစက်ချပွဲ၊ ပန်းတစ်ပွင့်တောင်ဆရာတော်အား စုပေါင်းသိက္ခာထပ်ပွဲနှင့် ပန်းတစ်ပွင့်တောင်နယ်မြေရှိ စေတီတော်များအား ဆီမီး ၉၉၀၀ ပူဇော်ပွဲတို့ကို ကျင်းပမည်ဖြစ်သဖြင့် ဆီမီး ၉၉၀၀ ပူဇော်ပွဲအတွက် ဆီလှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဆရာတော် ဖုန်း-၀၉၅-၁၅၃၈၄၅နှင့် ၆၂၀၇၁ ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူရှင်များသည် နံနက် ၈နာရီခွဲ အရောက် ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ သီတင်းကျွတ်အထူးတရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့် နေ့ အောက်တိုဘာ၂၆ရက် (သောကြာနေ့) ည ၇ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄) စံပြရပ်ကွက်၊ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ၌ မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းဓမ္မဒူတတောရနှင့် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာတို့၏ နာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတသာသနဓဇ ဓမ္မာစရိယ သာသနဇောတိပါလဓမ္မာစရိယ သာသနဟိတ ဂဏဝါစကာစရိယ ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရက နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ ကွန်ပျူတာအရောင်းပြခန်းတစ်ခုကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်မှု ယခုနှစ်တွင် ရာခိုင်နှုန်း ၃၀ မြင့်တက်လာ

ကုလသမဂ္ဂ အောက်တိုဘာ ၁၉

အာရှအလယ်ပိုင်းဒေသရှိ အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက် တိုက်ခိုက်မှုများသည် ၂၀၀၆ ခုနှစ်နှင့် နှိုင်းစာလျှင် ယခုနှစ်တွင် ရာခိုင်နှုန်း ၃၀ နီးပါးအထိ မြင့်တက်လာကြောင်း ကုလသမဂ္ဂအဖွဲ့အကြီးအကဲတွန်ကိုနင်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

အာဖဂန်နိုင်ငံ၌ ၂၀၀၇ ခုနှစ်တွင် လမ်းဘေးဗုံးဖောက်ခွဲမှု ၆၀၆ ကြိမ် ဖြစ်ပွားပြီး အခြားဗုံးခွဲ တိုက်ခိုက်မှု အကြိမ်ပေါင်း ၁၃၃ကြိမ်အထိ ဖြစ်ပွားခဲ့ကြောင်း တွန်ကိုနင်က ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် တင်ပြသည်။ ယခုနှစ်တွင် ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှု အကြိမ်ပေါင်းသည် ၂၀၀၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၈ ကြိမ် ပိုမိုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုများကြောင့် ယခုနှစ်တွင် အရပ်သူ၊ အရပ်သား သေဆုံးမှုများလည်း တိုး၍လာသည်။ ဇန်နဝါရီလမှစ၍ ရေတွက်လျှင် အရပ်သူ၊ အရပ်သား သေဆုံးသူဦးရေ ၁၂၀၀ ရှိသွားပြီ ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားပင်လယ်အော်တွင် ရေလုပ်သား ၇၉ ဦး ပျောက်ဆုံးနေ

ဒါကာ အောက်တိုဘာ ၁၉

ငါးဖမ်းသင်္ဘောရှစ်စင်းပေါ်၌လိုက်ပါလာသည့် ရေလုပ်သား ၇၉ ဦးသည် ရာသီဥတုဆိုးရွားမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်း ဘင်္ဂလား ပင်လယ်အော်အတွင်း ပျောက်ဆုံးကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

ရေလုပ်သား ၃၀ လိုက်ပါသည့် ငါးဖမ်းရေယာဉ်သုံးစင်းသည် ဘာဂူနာခရိုင်တွင် တနင်္လာနေ့ မွန်းလွဲပိုင်းက တိမ်းမှောက်ခဲ့သည်။

ရေလုပ်သားတစ်ဦးကို ကယ်တင်နိုင်ခဲ့ပြီး အခြားရေလုပ်သား ၂၉ ဦး၏ ကံကြမ္မာယနေ့အချိန်အထိ မသိရသေးဟု သိရသည်။

ရေလုပ်သား ၅၀ လိုက်ပါလာသည့် ငါးဖမ်းယာဉ်ငါးစင်းသည် ဘင်္ဂလား ပင်လယ်အော်အတွင်း ဆိုးရွားသည့် ရာသီဥတုကြောင့် ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါ ငါးဖမ်းလှေများသည် အောက်တိုဘာ ၉ ရက်က ငါးဖမ်းရန် ပင်လယ်ပြင်သို့ ထွက်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သမ္မတ ဘုရှ်နှင့် ကွန်ဂရက်အပေါ် ပြည်သူကြိုက်နှစ်သက်မှု အနိမ့်ဆုံးသို့ကျဆင်း

ဝါရှင်တန် အောက်တိုဘာ ၁၉

အမေရိကန် သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်နှင့် ကွန်ဂရက်တို့၏ လုပ်ရပ်နှင့် ပတ်သက်၍ ပြည်သူ့သဘောထားဆန္ဒ လေ့လာသောအခါ အမေရိကန်ပြည်သူအများစုက မကြိုက်နှစ်သက်ဘဲ ထောက်ခံမှု အနိမ့်ဆုံးသို့ ကျဆင်းသွားသည်ကို အောက်တိုဘာ ၁၇ရက်တွင် ထုတ်ပြန်သော ရိုက်တာ/ဇော့ဂ်ဘီ လူထုသဘောထား စစ်တမ်းလေ့လာချက်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် လမ်းမှားပေါ်၌ လျှောက်လှမ်းနေသည်ဟူသော အမြင်ကို ရှုမြင်သော ပြည်သူအချိုးအစားမှာ ယခင်လက ဆန်းစစ်မှုအဆင့်ထက် လေးမှတ်လျော့ကျသွားပြီး ၆၆ ရာခိုင်နှုန်းအထိ နိမ့်ဆင်းနေသည်ကို တွေ့ရကြောင်း လေ့လာချက်က ညွှန်ပြသည်။

သမ္မတ ဘုရှ်၏ လုပ်ဆောင်မှုအပေါ် ထောက်ခံသူအချိုးအစားသည် စက်တင်ဘာလအတွင်းက ၂၉ ရာခိုင်နှုန်း ရှိခဲ့သေးသော်လည်း ယခုလသဘောထားလေ့လာချက်၌မှု ၁၄ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

လက်ရှိ အမေရိကန်အစိုးရအနေဖြင့် ပြည်သူ့လိုလားချက်အပေါ် မည်မျှ ထင်ဟပ်ဖော်ဆောင်နိုင်သည်ဆိုသည်ကို ဆန်းစစ်လေ့လာရမည့် အချိန်ပင်ဖြစ်ကြောင်း ဆန်းစစ်လေ့လာသူ ဂျွန်ဇော့ဂ်ဘီက ပြောကြားသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ စစ်ရပ်ဆိုင်းရေးနှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စများ အဆင်ပြေသည်ကို လိုလားကြသည်။ သို့သော် ထိုသို့သော လိုလားချက်များဖြစ်လာလိမ့်မည်ဟု ပြည်သူအများစုက မယုံကြည်ကြဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းမြင့်တက် ၈၅ ဒေါ်လာအထက်သို့ စံချိန်တင်ရောက်ရှိ

နယူးယောက် အောက်တိုဘာ ၁၉

ရေနံဝယ်လိုအားမှာ တစ်ရှိန်တိုး မြင့်တက်လာမှုကြောင့် အောက်တိုဘာ ၁၅ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၅ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။

မြင့်တက်

အမေရိကန်နိုင်ငံ၌ နိုဝင်ဘာလတွင် ရေနံဈေးနှုန်းနောက်ထပ် ၁ ဒသမ၁၅ ဒေါ်လာ အထိ မြင့်တက်နိုင်ကြောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၈၄ ဒေါ်လာရှိနေရာမှ ၈၅ ဒသမ ၁၉ ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

အမြင့်ဆုံး

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၁ ဒသမ ၂၀ ဒေါ်လာ မြင့်တက်ခဲ့ရာ ၈၁ ဒသမ ၇၅ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်။ လန်ဒန်မြို့တွင် ရေနံဈေးနှုန်း အမြင့်ဆုံး စံချိန်တင်ရောက်ရှိခဲ့သော ဈေးနှုန်းမှာ ၈၁ ဒသမ ၉၄ ဒေါ်လာဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လော့စ်အိန်ဂျလိစ် အဝေးပြေးလမ်းမကြီးတွင် ယာဉ်အများအပြားတိုက်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၉

အမေရိကန်နိုင်ငံလော့စ်အိန်ဂျလိစ်မြို့နှင့် ဆန်ဖရန်စစ္စကိုမြို့သို့ဆက်သွယ်ဖောက်လုပ်ထားသည့် အမြန်လမ်းမကြီးတွင် ယာဉ်အများအပြားတိုက်မှု ဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့ရသည်။ သေဆုံးသူ အရေအတွက် များပြားလာနိုင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ကုန်တင်ယာဉ် ၁၅စီးနှင့် ခရီးသည်ယာဉ်အချို့ ပျက်စီးပြီး လူ ၁၀ဦး ဒဏ်ရာရရှိသည်။ အောက်တိုဘာ ၁၃ ရက် ညပိုင်းတွင် မီးလောင် သေဆုံးသူနှစ်ဦးနှင့် အပျက်အစီးများအကြား သေဆုံးသူတစ်ဦးကို ရှာဖွေတွေ့ရှိကြောင်း လော့စ်အိန်ဂျလိစ်မြို့ မှုခင်းစုံစမ်းစစ်ဆေးရေး အရာရှိက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့ မြောက်ဘက် ဆန်တာကလာရီတာဒေသရှိ ကုန်တင်ယာဉ်များ သွားလာအသုံးပြုနေသည့် နှစ်လမ်းသွား အဓိကလမ်းမ၌ အောက်တိုဘာ ၁၂ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းနေသည့် အချိန်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှု ဖြစ်ပွားသည့် အကြောင်းရင်း အသေးစိတ်ကို အာဏာပိုင်များက ပြောကြားခြင်း မရှိပေ။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး အာနိုးဆွာဇင်နက်ဂါးက ပြည်နယ်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်းနှင့် အောက်တိုဘာ တတိယပတ်တွင် အမြန်လမ်းမကြီးကို ပြန်လည်ဖွင့်လှစ်နိုင်မည့် အခြေအနေ မရှိကြောင်း ကယ်ထရန်မြို့ တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရှိ ကန်တပ်ဖွဲ့ အခြေစိုက်စခန်း တိုက်ခိုက်ခံရ၍ လေးဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံတောင်ပိုင်း ဒီဝါနီယာမြို့ရှိ အမေရိကန်တပ်ဖွဲ့ အခြေစိုက်စခန်းကို အောက်တိုဘာ ၁၅ ရက်က စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ရာ အရပ်သားလေးဦးသေဆုံးပြီး မဟာမိတ်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ၁၄ ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

ဆေးရုံတင်

မဟာမိတ်တပ်ဖွဲ့နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ပြန်လည်တိုက်ခိုက်ရာ စစ်သွေးကြွများသည် စစ်အခြေစိုက်စခန်းအနီးရှိ တောထဲသို့ ထွက်ပြေးသွားကြောင်း၊ ဒဏ်ရာရသူအရပ်သားများအား နီးစပ်ရာ ဆေးရုံသို့တင်ပို့ခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။

စိန်ပြောင်းဖြင့်ပစ်ခတ်

ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါး၏ မက်ဒီပြည်သူ့စစ်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က အမေရိကန်စစ်အခြေစိုက်စခန်းနှင့် အီရတ်ရဲတပ်ဖွဲ့ လုံခြုံရေးဌာန ဝန်းကျင်ကို စိန်ပြောင်းဖြင့် အချက်ပေါင်းတစ်ဒါဇင်ခန့် ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကနေဒါအနောက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျ သုံးဦးသေဆုံး

အော့တဝါ အောက်တိုဘာ ၁၉

ကနေဒါနိုင်ငံအနောက်ပိုင်း ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိဗန်ကူးဗားကျွန်းတွင် စနေနေ့က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့သဖြင့် လိုက်ပါလာသူ သုံးဦးစလုံး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆက်စနာ ၁၇၂ အမည်ရှိ အဆိုပါ လေယာဉ်ငယ်ပေါ်၌ လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်နှစ်ဦး လိုက်ပါလာခဲ့ပြီး ပို့တ်အယ်လ်ဘာနီနှင့် ဘမ်ဖီးဒေသတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံ သတင်းအရသိရှိရသည်။ ခရီးသည်အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၏ အလောင်းများကို နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆေရှဲလ်ကျွန်းနိုင်ငံ မာဟီးကျွန်းတွင် ပြုလုပ်သည့် အလှမယ်ပြိုင်ပွဲတွင် ဆုရရှိသော အလှမယ်သုံးဦးကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

*** ရှေ့ဖုံးမှ**

အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီး အကပြိုင်ပွဲတွင် ဇာတ်တော်ကြီး(၁၀)ဘွဲ့မှ တတိယဘဝမြောက်ဖြစ်သော သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ ည ၇ နာရီမှ ည ၁၀ နာရီအထိ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့က ကပြယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမကို မြတ်နိုးလေးစားကြသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ယနေ့ ကပြယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲတွင် ဒုကူလအဖြစ် မောင်ဉာဏ်ဝင်း၊ ပါရိကာအဖြစ် မခိုင်သဇင်သင်း၊ သုဝဏ္ဏသာမအဖြစ် မောင်နိုင်မင်းဦး၊ ပီဠိယက္ခမင်းမယ်တော်အဖြစ် မချောစုစုကြည်၊ သိကြားမင်းအဖြစ် မောင်မောင်လတ်၊ ဝိသကြုံနတ်သားအဖြစ် ဦးသိန်းမြင့်၊ ဗဟုသုန္ဒရီနတ်သမီးအဖြစ် မချောစုစုလွင်၊ နန်းရင်းဝန်အဖြစ် ဦးတင်ရွှေ၊ တရားရေးဝန်အဖြစ် ဦးတင်ဝင်း၊ မြို့ဝန်အဖြစ် မောင်ဇော်မင်းဦး၊ စစ်သူကြီးအဖြစ် မောင်ဇော်ဝင်းထွဋ်နှင့် မောင်သိန်းငွေ၊ သမင်များအဖြစ် မောင်လှမျိုးထက်၊ မောင်ရန်နိုင်လင်း၊ မောင်ဇေယျာဟန်နှင့် မောင်ဇော်မင်းထွေး၊ ပဒေသာယိမ်းအကပညာရှင်များအဖြစ် မပိုင်းချစ်ချစ်အောင်၊ မဥမ္မာချို၊ မခင်နီလာစိမ်း၊ မသူဇာလင်း(၁)၊ မရွှေရည်ဝင်းနှင့် မစုမွန်ကျော်တို့က သရုပ်ဆောင်ကြပြီး ဇာတ်ပို့ဆိုင်းပညာရှင်များဖြစ်ကြသည့် ဝိုင်းတော်တီးအဖြစ် ဦးအောင်ဝမ်းတူး၊ ကြေးတီးအဖြစ် ဦးစံရင်၊ နှဲ ဦးစန်းလွင်၊ ပတ်မတီးအဖြစ် ဦးလှမြင့်၊ မောင်းတီးအဖြစ် ဦးနိုင်လင်းဦး၊ အုပ်စုံတီးအဖြစ် ဦးစိုးညွှန့်၊ စည်းဝါးတီးအဖြစ် ဦးထွန်းဇော်လင်းတို့က ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီးတို့ ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း) မဟာဒုက်ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ တက္ကသိုလ် ခင်မောင်တင့် ဦးစီးသော အောင်စည်တော်ရုပ်စုံအမြင့်သဘင် ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

သုဝဏ္ဏသာမဇာတ်တော်ကြီး

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၀-၁၀-၂၀၀၇	ဧရာဝတီတိုင်း
၂။	၂၁-၁၀-၂၀၀၇	မန္တလေးတိုင်း
၃။	၂၂-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၀-၁၀-၂၀၀၇	မန္တလေးတိုင်းရုပ်စုံအဖွဲ့
၂။	၂၂-၁၀-၂၀၀၇	ဧရာဝတီတိုင်းရုပ်စုံအဖွဲ့
၃။	၂၄-၁၀-၂၀၀၇	ရန်ကုန်တိုင်းတော်ဝင်ရုပ်စုံအဖွဲ့
၄။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်းရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်သေးဝါသနာရှင်အဆင့်(ပထမတန်း) မဟာဒုက် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ရုပ်သေးဝါသနာရှင် အဆင့်(ပထမတန်း)မဟာဒုက် ဇာတ်တော်ကြီးပြိုင်ပွဲကို ပေးကမ်းလှူဒါန်းခြင်းဟူသော ဒါန၏ အကျိုးတရားထူးကို သိမြင်စေရန်၊ မမေ့လျော့သော သတိတရားကို နားလည်စေရန်၊ ဒါန၊ သီလ ဖြူစင်ခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကို ပေးတတ်သည်ဟူသော အသိကို ရစေရန်၊ ဒါနပြုချင်စိတ်သာရှိပြီး ဒါနပြုနိုင်အောင် ဒါနဖြစ်အောင် အမြဲနည်းလမ်းရှာဖွေကြိုးပမ်းသင့်ကြောင်းဟူသော အသိနှင့်သတိကို ရစေရန်၊ "သက်ရှည်၊ ဆင်းလှ၊ချမ်းသာရ၊ ဗလ၊ဉာဏ်ပညာ" ဟူသော ဆွမ်းအကျိုးငါးပါးကို မြတ်ဘုရားက ဟောကြားခဲ့ခြင်းအား ရင်ဝယ်အမြဲ ကိန်းအောင်းထားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အောက်တိုဘာ ၁၈ ရက် ည ၇နာရီတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ တက္ကသိုလ်ခင်မောင်တင့် ဦးစီးသော အောင်စည်တော် ရုပ်စုံအမြင့်သဘင်က ပါဝင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးတို့မှ အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ရန်ကုန်တိုင်းမှ တက္ကသိုလ် ခင်မောင်တင့် အမြင့်သဘင်တွင် အုပ်ချုပ်သူနှင့် ဇာတ်ညွှန်းအဖြစ် တက္ကသိုလ် ခင်မောင်တင့်၊ ရုပ်သေးကြိုးဆွဲခေါင်းဆောင်အဖြစ် ဦးဒေါင်းယဉ်၊ ရုပ်သေးကြိုးဆွဲများအဖြစ် ဦးခင်မောင်တင့် (ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်)၊ မမေခင်မောင်တင့် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မသဇင်ခင်မောင်တင့် (ယဉ်ကျေးမှုတက္ကသိုလ်) ၊မခင်မြသွယ် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မောင်ကျော်လင်းမောင်(ခေါ်) ငြိမ်းချမ်းတို့က ပါဝင်ကြပြီး အသံပိုင်းဆိုင်ရာတွင် မင်းသား မဟာဒုက်အဖြစ် ယဉ်ကျေးမှု အောင်ဟိန်း၊ မင်းသမီး ဒလိဒ္ဒအဖြစ် မနှင်းနှင်းဝေ၊ သူဌေးမအဖြစ် ဒေါ်ဝင်းဝင်းမြ၊ ဘုရင်အဖြစ် ရွှေကျွန်းပေါ်လာ(ခေါ်)ဦးတိုးအောင်၊ စာရင်းကိုင်အဖြစ် ဦးယက်ပေါက်(ခေါ်) ဦးစိုးတင့်၊ ကြိုးဆွဲ အသံအဖြစ် ဦးဗိုလ်ဗိုလ် ခင်မောင်တင့်နှင့် ဦးပေါ်အေးတို့က ဆောင်ရွက်ကြကာ ဆိုင်းအဖွဲ့ ခေါင်းဆောင် တိုက်ဂါး(ခေါ်)ကျော်ဇင်မင်းနှင့် ဆိုင်းအဖွဲ့က ကူညီပံ့ပိုး တီးမှုတ်ပေးသည်။

မဟာဒုက် ဇာတ်တော်ကြီးတွင် ဘုရားရှိခိုး၊ စင်တိုင်၊ ဟိမဝန္တာခန်း (မြင်း၊မျောက်၊ဘီလူး၊ဇော်)နှင့် သူငယ်တော်ရှေ့ပြေး၊ ဟံသာဝတီ ပြည့်ရှင်မင်း ညီလာခံနှစ်ပါးသွားခန်း(မြိုင်ထ)၊ ဗာရာဏသီပြည်တွင် သာသနာတော် ထွန်းကားနေပုံ၊ ဆွမ်းလှူရန် မဟာဒုက်နှင့် ဒလိဒ္ဒတို့ဘဝ၊ ဆွမ်းကပ်လှူရေး တွေးဆကြည်နူးကြပုံ၊ သူဌေးအိမ်၌ ဇနီးမောင်နှံ ပျော်ရွှင်စွာဖြင့် အလုပ်ကြိုးစားနေကြပုံ၊ ဟင်းရွက်ရှူးထွက်စဉ် ငါးကြင်းငါးရရှိခြင်း၊ ဆွမ်းဟင်းချက်နေစဉ် သိကြားမင်း ကူညီခြင်း၊ သံဃာစာရင်းမတင်မိ၍ သံဃာမရတော့ခြင်း၊ ကဿပ ဘုရားရှင်ထံ အသွားတွင် မောင်းထုတ်ခံရခြင်း၊ ဘုရားရှင်အား ဖူးမြော်ခွင့်ရပြီး မြသပိတ်တော်ချီးမြှင့်ခံခဲ့ရပုံ၊ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်ပုံ၊ ရတနာမိုး ရွာသွန်းဖြိုး၍ သူဌေးအရာ ချီးမြှင့်ခံရပုံတို့ကို တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၁၉

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို အောက်တိုဘာ ၂၆ရက် (သီတင်းကျွတ်လပြည့်)မှ နိုဝင်ဘာ ၃ရက် (သီတင်းကျွတ်လပြည့်ကျော် ၈ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၆။ **"ရိုးသားစွာကြိုးစားပါ" ထွန်းထွန်းဝင်း၊ ဦးစောနိုင်-(ရှမ်းပြည်)၊ဦးရဲစိန်၊ ကြည်စိုး- IC၊ မြင့်မြင့်ခိုင်၊ ဟိဏ်းထက်ဇော်၊ဝီယံ၊ မောင်သူရဦး၊ [ဒါရိုက်တာ-မြင့်စိုး(ဝ/သ) ရန်ကုန်]**
- ၁:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၁:၁၅ ၈။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (သေနတ်ပစ်)
- ၁:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၂:၀၀ ၁၁။ အကပြိုင်ပွဲ
- ၂:၁၀ ၁၂။ ပမ္မဝတီတံတား(မြင်းကဆိပ်)
- ၂:၂၀ ၁၃။ အတီးပြိုင်ပွဲ
- ၂:၃၀ ၁၄။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊မိုးယံထက်၊ ရန်ပိုင်စိုး၊မောင်ဂဠုန်) [ဒါရိုက်တာ-မိုးထက်လူ (သစ်တော)]**
- ၂:၄၅ ၁၅။ International News.
- ၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ ဆောင်းပါးရှင်အညာသား၏ "အေးအေးနေစမ်းပါရစေ"
- ၄:၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၀ ၄။ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၅။ မြန်မာ့ခလေ့ရိုးရာလက်ဇေ့
- ၅:၂၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၄၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၆၈) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စရာ့ပျိုကညာ" (အပိုင်း-၁၃)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက် ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို သတ်မှတ်နေရာ အသီးသီးဖြစ်သည့် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနနှင့် သစ်တောသုတေသနတို့၌ အောက်တိုဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသူများ၊ နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အကဲဖြတ်အမှတ်ပေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင် ဂီတပညာရှင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် **"ဖန်ထွေလာ(မွန်)"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မောင်ရဲရန်အောင်၊ မွန်ပြည်နယ်မှ မောင်ကျော်ကျော်ဦး၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင့်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်မျိုး၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဆန်းဆန်းသဉ္ဇာကြာညောင် (ယိုးဒယား)"** သီချင်းဖြင့် ရှမ်းပြည်နယ်မှ မဆုဆုမွန်ထက်၊ မွန်ပြည်နယ်မှ မပန်းအိစံ၊ စစ်ကိုင်းတိုင်းမှ မအိမ့်ကြာဖြူ၊ ဧရာဝတီတိုင်းမှ မသန္တာ၊ ရန်ကုန်တိုင်းမှ မမြတ်ဘုန်းမိုလင်း၊ မန္တလေးတိုင်းမှ မသက်ထားခင်နှင့် မရတနာရွှန်းလဲ့ဝေ၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ကချင်ပြည်နယ်မှ မထွယ်ဂျာ၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထွန်းနှင့် တနင်္သာရီတိုင်းမှ မရွှေရည်ရတနာတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင် ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ဒေါ်မူမူခင်နှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အကပြိုင်ပွဲဝင်

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်း၊ စစ်ကိုင်းတိုင်းမှ မခိုင်ဇာဖြိုး၊ ပဲခူးတိုင်းမှ မမေဖြိုးသိုက်၊ ရှမ်းပြည်နယ်မှ မယမင်းလှိုင်၊ ရခိုင်ပြည်နယ်မှ မခင်စန္ဒာသူရိန်ဝင်း၊ ရန်ကုန်တိုင်းမှ မနှင်းဆုလှိုင်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မသက်မာစိုး၊ ကချင်ပြည်နယ်မှ မအေးမွန်ဝင်း၊ ရန်ကုန်တိုင်းမှ မမိုးမိုးကြည်၊ ဧရာဝတီတိုင်းမှ မဟေမာနှင်းလွင်နှင့် မွန်ပြည်နယ်မှ မချောစုလှိုင်တို့က အကပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်ကျော်စိုးဝင်း၊ မွန်ပြည်နယ်မှ မောင်အောင်ဆန်းဦး၊ မန္တလေးတိုင်းမှ မောင်ဝေယံဇော်၊ ပဲခူးတိုင်းမှ မောင်ရန်နိုင်ထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဘိုမင်းစိုး၊ ဧရာဝတီတိုင်းမှ မောင်ထက်အာကာလင်း၊ မကွေးတိုင်းမှ မောင်ချစ်သူဝင်း၊ ပဲခူးတိုင်းမှ မောင်ထက်အောင်ဖြိုးလွင်၊ မန္တလေးတိုင်းမှ မောင်ဝေယံကျော်၊ စစ်ကိုင်းတိုင်းမှ မောင်အောင်မျိုးကြည်၊ ရှမ်းပြည်နယ်မှ မောင်ဟံသာဖြိုးဝေ၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်နှင့် မောင်သန့်စင်ထွန်း(ခ)ဟိန်းဇာ၊ ချင်းပြည်နယ်မှ မောင်နိုလျန်ထန်တို့က ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်မှုကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ဌေးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် မကွေးတိုင်းမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၀-၁၀-၂၀၀၇ (စနေနေ့)	မဟာဂီတ	ဝါသနာရှင်(ပ) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၅-၁၀) (ကျား)	၁၃၀၀	(စုဝေးခန်းမ)
	အက	ဝါသနာရှင်(ဒု) (မ)	၀၉၀၀	မွေးမြူရေးဆိုင်ရာ
		ဝါသနာရှင်(ဒု) (ကျား)	၁၃၀၀	ဆေးတက္ကသိုလ်(ဘွဲ့နှင်း)
	ဇာတ်သဘင်	**သုဝဏ္ဏသာမဇာတ်တော်ကြီး ဧရာဝတီတိုင်း**	၁၉၀၀	။
	အရေး(သီချင်းတိုက်လေ့ကျင့်)	အဆင့်မြင့်	၀၉၀၀	စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)
	စန္ဒရား	အခြေခံ (၁၅-၂၀) (ကျား) (မ)	၀၉၀၀	သစ်တောသုတေသန
		အဆင့်မြင့် (ကျား) (မ)	၁၃၀၀	(စုဝေးခန်းမ)
	ပတ္တလား	ဝါသနာရှင် (ပ) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အဆင့်မြင့် (မ)	၁၃၀၀	(စာသင်ခန်းမ)
	ဒိုးပတ်	ဝါသနာရှင် (ပ)	၀၉၀၀	စိုက်ပျိုးရေးသုတေသန
		အခြေခံ (၁၀-၁၅)	၁၃၀၀	(စုဝေးခန်းမ)
	ရုပ်စုံသဘင်အဖွဲ့လိုက်	**မဟာဒုက်ဇာတ်တော် မန္တလေးတိုင်းရုပ်စုံအဖွဲ့**	၁၉၀၀	။
	ဆိုင်း (အဖွဲ့လိုက်)	ဝါသနာရှင် (ဒု) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အဆင့်မြင့် (ကျား)	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

✳ စာမျက်နှာ ၆ မှ

သီချင်းတိုက်လေ့ကျင့်မှုတွင် အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည့် တေးစာရေးသားခြင်း ပြိုင်ပွဲဝင်ခဲ့သော ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲဝင်များက **"သတိနှင့်ယှဉ် အောင်ပွဲဆင်"** တေးစာသားခေါင်းစဉ်ကို ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ မောင်စိုးရာဇာလင်း၊ ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်း၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊ မွန်ပြည်နယ်မှ ဦးသိန်းစိုး၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်နှင့် ဦးငြိမ်းချမ်းအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးနှင့် ဒေါ်ခင်ဝင်းဆွေ(ခ) ဒေါ်မြကြာဖြူနှင့် ဧရာဝတီတိုင်းမှ ဦးစိုးမြင့်တို့က သီချင်းတိုက်လေ့ကျင့်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ စန္ဒရားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ပြိုင်ပွဲဝင်ရာတွင် ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် **"ဖော်ကွာဝေး"**(ယိုးဒယား)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးဇင်မျိုးထွဋ်၊ ရန်ကုန်တိုင်းမှ ဦးဇော်မင်းဦး၊ မန္တလေးတိုင်းမှ ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းမှ ဦးပဇော်ဟိန်းနှင့် မန္တလေးတိုင်းမှ ဦးသန့်ဇင်ထွေးတို့က အသီးသီး တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် **"စံရာတောင်ကျွန်း"**(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မသံသာဦးဝေ၊ ရန်ကုန်တိုင်းမှ မမေနဒီအောင်၊ ကချင်ပြည်နယ်မှ မဂျေခေါန်ဆိုင်းမိုင်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ မန္တလေးတိုင်းမှ မထက်ထက်ဝင်းပြုံးအိ၊ ပဲခူးတိုင်းမှ မရတနာသွန်းဖြိုးနှင့် ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အတီးပြိုင်ပွဲ ဒိုးပတ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ ဒိုးပတ်အတီး အကဲဖြတ်အဖွဲ့-အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ဒိုးပတ်အတီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ဝေမျိုးဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ပိုင်မှူးသော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ချစ်ဦးမောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်အာကာမောင်နှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ(ခ) မောင်သိန်းသန်းစိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ညွန့်အောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့်အဖွဲ့တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ်အဖွဲ့-အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ပေတူးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာ(ခ) ဦးမျိုးဟိန်းဦးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးကျော်သူနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်နှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးအောင်ဝင်းမောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ) ဦးဗိုလ်ဗိုလ်သိန်းနှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်သန့်ဇော်နှင့်အဖွဲ့နှင့် မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်နှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ စောင်းအကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့်အဖွဲ့ဝင် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် **"သပြေပင်ဝန်း"**(ကြိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးချမ်းသာနှင့် ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်တို့ ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် **"အောင်မြေသာစံ"**(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေးနှင့် မခင်ဆွေမြည္ဟန့်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"စံရာတောင်ကျွန်း"**(ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်း၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခ) ကြာလေးစိန်၊ မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်နှင့် မချယ်ရီလင်း၊ မကွေးတိုင်းမှ မငြိမ်းမြတ်မွန်နှင့် တနင်္သာရီတိုင်းမှ မခြူးသဥ္ဇာသိမ့်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"နှစ်ကိုယ်သစ္စာ"**(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်ဆက်၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူ၊ ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

ယှဉ်ပြိုင်

အခြေခံပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် ဒိုးပတ် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ချစ်ဦးမောင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

စည်းလုံးပျော်ရွှင် ပွဲတော်သဘင်

✳ ယနေ့ဆိုလျှင်၊ ဒို့ပြည်ခွင်ဝယ်
စဉ်လာကောင်းမြတ်၊ ထိန်းသိမ်းအပ်၍
မပြတ်တူကွ၊ ဆင်နွှဲကြသည့်
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးလျှင်
ဝှဲချီးသဘင်၊ ပွဲကြီးယင်သည်
ပဉ္စာဒသမ တိုင်ပြီတကား။

✳ ဤပွဲတော်မှာ၊ ပြည်မြန်မာ၏
သည်းချာသားလှ၊ သမီးလှတို့
မြန်မာ့ရိုးရာ၊ အနုပညာကို
ကောင်းစွာချီးမြှင့်၊ ဖော်ကျူးလင့်သော်
သဘင့်သရဖူ၊ ပွဲကြီးဟူ၍
ဂုဏ်ယူချီးပ၊ ဆိုသော်ရလိမ့်
မြန်မာ့မြေဖွား၊ တိုင်းရင်းသားတို့
မခြားမကွဲ၊ တစ်သွေးထဲပင်
ဆင်နွှဲဖြည့်ဆည်း၊ ပွဲတော်ကြီးလျှင်
စည်းလုံးခြင်း၏ အလှတကား။

✳ မြန်မာ့အလှမှာ၊ ဤသို့ပါဟု
မြန်မာ့အကမှာ၊ ဤသို့ပါဟု
ခြေမှာစကား၊ လက်ဖျားကဗျာ
ပဝါတစ်ကမ်း၊ လက်တစ်လှမ်းဝယ်
ပွင့်ပန်းနှယ်သို့၊ လေအညို့ဝယ်
ယို့ချည်ယိမ်းချည်၊ လှည့်ပတ်ချည်လျှင်
နရီစည်းချက်၊ ယွင်းမပျက်ဘဲ
နှစ်သက်ဖွယ်အလှ၊ ရှုမြင်ရသည်
မြန်မာ့ရိုးရာ အမွေပါတကား။

✳ "ကြေး ကြိုး သားရေ၊ လက်ခုပ် လေ"ဟု
ငါးထွေတူရိယာ၊ စုံလင်စွာပြင်
မဟာဂီတ၊ ကြည်မြသံညင်း
သီချင်းကြီး သီချင်းခံ၊ ကျူးရင့်သံလည်း
မိုးယံဘုံဆင့်၊ တိမ်ပန်းပွင့်နှင့်
လိုက်သင့်စီးမျော၊ နေဘိသောနှယ်
သောတသုခ၊ ချမ်းသာရသည်
မြန်မာ့ဂုဏ်ရည် အစစ်ပါတကား။

✳ သြော်---ရတုသံညင်း၊ ဆိုသီချင်းနှင့်
အမြင့်သဘင်၊ ရုပ်သေးစင်နှင့်
စုံလင်ကွက်စိပ်၊ ရှေးပုံရိပ်နှင့်
စိတ်စဉ်ချမ်းမြေ့၊ ရွှင်လန်းမွေ့အောင်
ယနေ့ဆိုလျှင်၊ ဒို့ပြည်ခွင်ဝယ်
စဉ်လာကောင်းမြတ်၊ ထိန်းသိမ်းအပ်၍
မပြတ်တူကွ၊ ဆင်နွှဲကြသည့်
ဆို က ရေး တီး၊ ပြိုင်ပွဲကြီးလျှင်
ဝှဲချီးသဘင်၊ ပွဲကြီးယင်သည်
ပဉ္စာ ဒသမ တိုင်ပြီတကား။ ။

မြင်းမှုမောင်နိုင်မိုး

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီးတွင် ဖခင် ဦးထွေး၊ မိခင် ဒေါ်အမာအား ရည်စူး၍ သိန်းသန်းပလတ်စတစ် မိသားစုက ပေငါးရာ စက်ရေတွင်းတူးရန်နှင့် ရာဟုဂြိုဟ်တိုင်ဘုရားအား ရွှေထီးတော်လှူရန် အောက်တိုဘာ ၁၆ ရက်က ငွေကျပ် ၈၁၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော) နှင့် အဖွဲ့ဝင် ဗိုလ်မှူးကျော်မြင့်(ငြိမ်း)တို့ ဂုဏ်ပြုလက်ခံပေးအပ်စဉ်။

(၅၀၆)

မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည် (၁)

ချမ်းမြအေး

ကျွန်တော်ဟာ ပြည်သူထဲက ပြည်သူတစ်ယောက်ပါ။ ပြည်သူထဲမှာနေပြီး ဒီနေ့ပြည်သူအများစုရဲ့ ဆန္ဒတွေ၊ ယုံကြည်ချက်တွေ၊ ရင်ခုန်သံတွေကို မျှဝေခံစားနားလည်နိုင်တဲ့ သာမန်ပြည်သူတစ်ယောက်ပါ။ ဒါ့အပြင် ဒီမိုကရေစီကို ယုံကြည်သူ၊ ဒီမိုကရေစီလိုလားသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်း ဖော်ဆောင်ရေးလုပ်နေတာတွေကိုလည်း အမှန်တကယ် နှစ်ခြိုက်လိုလားသူ ဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရ လုပ်နေတာ မှန်သမျှ လက်ခုပ်တီး အားပေးနေတဲ့သူ မဟုတ်သလို တစ်ဖက်က အစိုးရဆန့်ကျင်သူတွေ လုပ်သမျှကို မျက်စိစုံမှိတ် ထောက်ခံယုံကြည်နေသူလည်း မဟုတ်ပါဘူး။ လုပ်ဆောင်ချက် တစ်ခုချင်းစီရဲ့ အကျိုးအပြစ်တွေကို ကိုယ်ပိုင်ဉာဏ်နဲ့ လေ့လာသုံးသပ်စိစစ်ပြီးမှ ထောက်ခံသင့်ရင် ထောက်ခံသလို ရှုတ်ချသင့်ရင်လည်း ရှုတ်ချဖို့ ဝန်မလေးတဲ့ တာဝန်သိပြည်သူတစ်ဦးလည်း ဖြစ်ပါတယ်။

ဆိုတော့က ကျွန်တော်ဟာ ဘယ်သူ့ဘက်တော်သားမှမဟုတ်ဘဲ ကိုယ်ပိုင်လွတ်လပ်စွာ တွေးခေါ်ပြီး ကိုယ်ပိုင်ရပ်တည်မှုနဲ့ ရှင်သန်နေတဲ့ သမာသမတ်ကျကျ ကြားနေတစ်ဦးလို့ပဲ ခံယူပါတယ်။ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးဖွံ့ဖြိုးတိုးတက်စေချင်တဲ့၊ ကြီးပွားအောင်မြင်စေချင်တဲ့၊ ကမ္ဘာ့အလယ် ဂုဏ်တင့်ဝင့်ထည်စေချင်တဲ့ ဆန္ဒပဲ ကျွန်တော့်ရင်ထဲမှာ ရှိပါတယ်။ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ ဒီနေ့ နိုင်ငံရေး အခက်အခဲအခြေအနေကိုလည်း လုံးဝ မနှစ်ခြိုက်နိုင်ပါဘူး။ ဒီတော့ နိုင်ငံနဲ့လူမျိုးရဲ့ ရေရှည်အကျိုးကို မျှော်ကိုးပြီး အစိုးရကိုရော၊ အန်တီစုကိုပါ ပြောသင့်ပြောထိုက်တယ် ထင်တာလေးတွေ ပွင့်ပွင့်လင်းလင်းပဲ ပြောပြချင်ပါတယ်။ ပြည်သူအားလုံးရဲ့ အကျိုးအတွက် ကျွန်တော့်ကိုယ်ပိုင်အမြင်ကို သမာသမတ်ကျကျ တင်ပြဆွေးနွေးသွားမှာဖြစ်လို့ ဒီနေ့ပြည်သူအားလုံးရဲ့ ဆန္ဒကို ထင်ဟပ်ကိုယ်စားပြုနိုင်လိမ့်မယ်လို့လည်း အလေးအနက်ယုံကြည်ထားပါတယ်။

ရိုးသားခြင်းဟာ အကောင်းဆုံးသော စည်းရုံးရေးဖြစ်ပါတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်စဉ်ဖြစ်ရပ် အားလုံးအပေါ်မှာ ရိုးရိုးသားသားပဲ ရှုမြင်သုံးသပ်ပြလိုပါတယ်။ ကျွန်တော့်အမြင်အရ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေဟာ အရှိန်အဟုန်နဲ့ ရှေ့ကိုမသွားနိုင်ဘဲ အခက်အခဲဖြစ်နေတဲ့၊ တန့်နေ၊ အီနေတဲ့ အနေအထားလို့ ပြောလိုပါတယ်။ တကယ်တော့ နိုင်ငံရေးမှာ ဒီလိုတန့်နေ၊ အီနေတဲ့ကာလ ကြာရှည်လွန်းသွားရင် မကောင်းလှပါဘူး။ အခုတောင်မှ အဲဒီနိုင်ငံရေး အခက်အခဲရဲ့ အကျိုးဆက်အဖြစ် နိုင်ငံရေးသာမက စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာပါ အခက်အခဲတွေနဲ့ ကျွန်တော်တို့ ထွေးလုံးရစ်ပတ် ဖြစ်နေကြရတယ် မဟုတ်လား။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မပြေလည်မှုလေးတွေကို အခြေခံပြီး ဒီလိုပဲ ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေ မကြာခဏ ဖြစ်နေရပြီ မဟုတ်လား။ ဒီအကျိုးဆက်ကြောင့် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီကိုလည်း ဖြောင့်ဖြောင့်တန်းတန်းမသွားနိုင်၊ ဈေးကွက်စီးပွားရေးဆိုတာကိုလည်း ပီပီပြင်ပြင်မလုပ်နိုင်နဲ့ တကယ့်ကို ခွတီး ခွကျ ကိုးလိုးကန့်လန့်အနေအထားမျိုး ဖြစ်နေတာပါ။

ဒီလို အခြေအနေမျိုးမှာ **အစိုးရအဖွဲ့ရဲ့ ကြေညာချက်အမှတ် (၁/၂၀၀၇)ဆိုတာ ထွက်လာတော့ ကျွန်တော်တို့ ပြည်သူအားလုံး မျှော်လင့်တကြီးနဲ့ ဝမ်းသာကြည်နူး အားတက်ခဲ့ရပါတယ်။ အန်တီစုအနေနဲ့ ဆောင်ရွက်ပိတ်ဆို့မှု(၄)ချက်ကို စွန့်လွှတ်ကြောင်း ကြေညာမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အန်တီစုနဲ့ တိုက်ရိုက်တွေ့ဆုံမယ်လို့ ကမ်းလှမ်းလိုက်လို့ပါပဲ။ ဒါနိုင်ငံတော်ဘက်က တရားဝင်ကမ်းလှမ်းမှုပါ။ မစ္စတာ ဂမ်ဘာရီရောက်လာပြီး အန်တီစုနဲ့ နှစ်ကြိမ်တွေ့ဆုံတယ်လို့ ကြားနေရတော့ တစ်ခုခု ထူးနိုင်တယ်လို့ ထင်ခဲ့ပေမယ့် ဒီလောက်အထိ မမျှော်လင့်ရဲခဲ့တာ အမှန်ပါ။ အခုတော့ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် မင်္ဂလာသတင်းပါပဲ။ ပြည်သူအားလုံးက လက်ခံကြိုဆိုရမယ့် အပြုသဘော ခြေလှမ်းသစ်တစ်ရပ်လို့ ကျွန်တော် ခံစားနားလည်မိပါတယ်။**

ဒီကြေညာချက်နဲ့ဆက်နွှယ်ပြီး နောက်နေ့တွေမှာတော့ ထုံးစံအတိုင်း ပြည်ပအသံလွှင့်ဌာနတွေက အမျိုးမျိုးဝေဖန် လေကန်လာကြပါတယ်။ အပြုသဘော တိုးတက်မှုလို့မြင်တဲ့ သတင်းကနည်းပြီး အဆိုးမြင် အပုပ်ချ သတင်းတွေကသာ လွှမ်းမိုးနေခဲ့ပါတယ်။ ကာယကံရှင် အန်တီစုကိုယ်တိုင်က ဘာမှမပြောရသေးဘဲ ကိုယ်မကျူးလွန်ခဲ့တဲ့ ပြစ်မှုကို နောင်မကျူးလွန်ပါဘူးလို့ ပြောရမယ့် အနေအထားဖြစ်နေပြီဆိုတာက တစ်မျိုး၊ မတွေ့ရသေးခင်ကတည်းက လူသိရှင်ကြား အညှိခံခိုင်းနေတာပါဆိုတာက တစ်နည်း၊ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေး မဟုတ်လို့ ပယ်ချပါတယ်ဆိုတာကတစ်ဖုံ တကယ့်ကို စုံလို့ပါပဲ။ ဘာပဲဖြစ်ဖြစ် အန်တီစုကို အရင်လွှတ်ပေးပါဆိုတာလည်း ထပ်ထပ်ကြိမ်းအောင် ကြားနေရပါတယ်။ ဒီလိုမျိုးတွေ တုံ့ပြန်လာကြတာတွေ့ရတော့ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဖြစ်မှဖြစ်လာနိုင်ပါဦးမလားလို့တောင် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရပါတယ်။

ဒါပေမယ့် ဒီကြားထဲကပဲ **အစိုးရဘက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်မလျှော့ဘဲ ၈-၁၀-၂၀၀၇ ရက်နေ့မှာ အလုပ်သမား ဒုဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် တရားဝင် တာဝန်ပေးအပ်ပြီး အန်တီစုနဲ့ တွေ့ဆုံရေးအတွက် ရှေ့ကို တစ်လှမ်းထပ်တိုးခဲ့တာကို တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အစိုးရဘက်ကတော့ အန်တီစုနဲ့တွေ့ဆုံဖို့ အခြေအနေတွေဆီ ဦးတည် ဖန်တီးလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း ဒီလိုအချိန်မျိုးမှာ အားလုံးအကျိုးအတွက် မောင်မောင်ခေါ်တုန်း ဗျာထူးသင့်ပြီလို့ ကျွန်တော်အရိုးသားဆုံး မြင်မိပါတယ် အန်တီစုရေ။**

တကယ်တော့ နိုင်ငံတော်အစိုးရနဲ့ အန်တီစုတို့ NLD တို့အကြားမှာ ကျွန်တော်တို့ သာမန်ပြည်သူတွေက ပွဲကြည့်ပရိသတ်ပါ။ ပွဲကကြာလာပြီး ရှေ့မတိုး နောက်မဆုတ်ဆိုတော့ ကျွန်တော်တို့လည်း ငြီးငွေ့လှပါပြီ။ ရေရှည် ဒီအတိုင်းကြီး ဆက်သွားနေလို့လည်း မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ နည်းနည်းတော့ အလျှော့အတင်း လုပ်ကြရမှာပါ။ တစ်ဖက်က လျှော့လာရင် တစ်ဖက်ကလည်း ပြန်ပြီးလိုက်လျောသင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဖက်စလုံးက ငါမလွန်ဘူးလို့ အတင်းမာနထားပြီး တင်းခံလို့မဖြစ်ပါဘူး။ တင်းလွန်းရင် ပြတ်မှာပါ။

အန်တီစုကိုအရင်လွှတ်ပေးပါဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်နားလည် သလောက် ပြောပြချင်ပါတယ်။ တည်ဆဲအစိုးရအနေနဲ့ အန်တီစုကို တမင်သက်သက် ထိန်းချင်လို့ ထိန်းထားရတာ မဟုတ်လောက်ပါဘူး။ အစိုးရမှာလည်း မထိန်းရင် မဖြစ်တဲ့ အခြေအနေတွေ၊ အကြောင်းတရား တွေရှိနေလို့ ဖြစ်နိုင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ နှစ်ဖက်စလုံးမှာ ပြောစရာတွေ၊ ဝိဝါဒကွဲပြားစရာတွေ အများကြီးရှိနေမှာပါ။ ဒါပေမယ့် ဒါဟာ ဖြေရှင်းလို့မရတဲ့ ပြဿနာတစ်ရပ်တော့ မဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာ ပြေလည်သွားနိုင်မယ်လို့ပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

မဝေးသေးတဲ့ အတိတ်ကို ပြန်ကြည့်ရင် အန်တီစုဟာ ၈၈ အရေးအခင်းနောက်ပိုင်း NLD စင်မြင့်ကနေ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ထင်ရှားလာခဲ့သူဖြစ်ပါတယ်။ ကျွန်တော် မှတ်မိသလောက် ၁၉၈၈ မတ်လမှာ ဆူပူဆန္ဒပြမှုတွေ ပေါ်ပေါက်လာတုန်းက ဗကပယူဂျီတွေအနေနဲ့ ဆူပူမှုအရှိန် မြှင့်တင်ဖို့နဲ့ ဒေါ်ခင်ကြည်ကို အမျိုးသားခေါင်းဆောင်အဖြစ် ရှေ့တန်းတင်ပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒေါ်ခင်ကြည်က ကျန်းမာရေး ဆိုးရွားနေလေတော့ သမီးဖြစ်သူ အန်တီစုကိုပဲ လူထုခေါင်းဆောင်အဖြစ် ပွဲထုတ်ဖို့စီစဉ်ခဲ့ကြပါတယ်။ ၁၉၈၈ မေလမှာတော့ ဗကပယူဂျီတွေရဲ့ ချဉ်းကပ်မှု အောင်မြင်သွားပြီး အန်တီစုဟာ ဦးနု၊ မန်းဝင်းမောင်၊ ဗိုလ်မှူးအောင်၊ ဦးစောကြာဒိုး စတဲ့ နိုင်ငံရေးသမားဟောင်းတွေနဲ့ တွေ့ဆုံကာ ပြည်သူ့အတိုင်ပင်ခံ ကော်မတီဖွဲ့စည်းရေးစာတမ်းကို လက်မှတ်ရေးထိုးခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ ၂၁-၈-၁၉၈၈ ရက်နေ့မှာတော့ လျှို့ဝှက်အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ပြီး စုစည်းညီညွတ်သော မဟာမိတ်အဖွဲ့မှာ အန်တီစုကို ပြောရေးဆိုခွင့်ရှိသူ ခေါင်းဆောင်တစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြပြန်ပါတယ်။ အဲဒီနောက် အန်တီစုအနေနဲ့ ၂၃-၈-၁၉၈၈ ရက်နေ့ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း ဆန္ဒပြသူများကို ဟောပြောမှု၊ ၂၆-၈-၁၉၈၈ ရက်နေ့ ရွှေတိဂုံ အနောက်မုခ် ဟောပြောမှုတွေနဲ့ လူထုကြားထဲ ထင်ရှားလာခဲ့ပါတယ်။ ကျွန်တော်လည်း အဲဒီအချိန်တုန်းက အန်တီစုရဲ့ပရိသတ်တစ်ယောက် ဖြစ်ခဲ့တာအမှန်ပါ။

အစိုးရက နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ပြုလိုက်တော့ အန်တီစုဟာ NLD မှာ အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့ပါတယ်။ NLD

ဗဟိုဦးစီးအဖွဲ့ကို အောင်-စု-တင် [...]
စုစုပေါင်း ၄၂ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ [...]
မှာတော့ အန်တီစုရဲ့ အုပ်စုမှာ လက်[...]
တယ်လို့ အကြောင်းပြပြီး ဦးအောင်[...]
ထူထောင်သွားခဲ့ပါတယ်။ ဦးအောင်[...]
မှာ NLD ကို အန်တီစုကပဲ လုံးလုံ[...]
ဦးစီးအဖွဲ့ဟာ အန်တီစုပြောသမျှ ခေါ[...]
အဆင့်သာရှိတော့တယ်လို့ ကြားသိခဲ့[...]
တွေဟာ အဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်[...]
ဘူး၊ ပုဂ္ဂိုလ်ရေးဆန်လွန်းနေတယ်။ CE[...]
က ကပ္ပိယတွေလိုပဲ ဆရာတော်ကြီ[...]
အသေးအဖွဲ့ ပြဿနာလေးကအစ [...]
ဆုံးဖြတ်ချက် မချဝံ့ဖြစ်နေပြီ" ဆိုတဲ့ မိုး[...]
လှုပ်ရှားမှုနှင့် အောင်ဆန်းစုကြည်အ[...]
ကလည်း ကျွန်တော်တို့ ကြားသိ[...]
သဘောဆောင်ခဲ့ပါတယ်။

ဒါ့အပြင် NLD ဟာ တာဝန်သိ[...]
ဥပဒေများအတွင်းက စည်းရုံးရေးလုပ်[...]
လမ်းစဉ်များ ရေးဆွဲချပြခြင်းတွေကို ဆေ[...]
ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး[...]
တွေကိုသာ လက်ကိုင်ထား ကျင့်သုံး[...]
ပါတယ်။ အဲဒီအချိန်တုန်းကတော့ ကျွ[...]
ခွဲခြားနိုင်စွမ်း မရှိခဲ့သေးတာ အမှန်ပါ။ ဒ[...]
ပြုလုပ်ခဲ့တဲ့ NLD သတင်းစာရှင်းလင်[...]
ခဲ့တဲ့ "အမိန့်အာဏာဟူသမျှ တာဝန်အ[...]
အန်တီစုရဲ့ နိုင်ငံရေးရပ်တည်ချက်ကို ဖ[...]
တယ်။

အစိုးရဘက်က [...]
၈-၁၀-၂၀၀၇ ရက်နေ့[...]
အဖြစ် တရားဝင်တာ[...]
ထပ်တိုးခဲ့တာကို တွေ့[...]
အန်တီစုနဲ့တွေ့ဆုံဖို့ [...]
သတိပြုမိပါတယ်။ ဒါ[...]
ခေါ်တုန်း ဗျာထူးသင့်[...]

အဲဒီနောက်မှာတော့ အန်တီစုအ[...]
တရားဥပဒေဘောင်အတွင်းက ဆောင်ရွ[...]
ကို ဖြတ်လမ်းက ရယူဖို့၊ တစ်နည်းအ[...]
ထပ်ဖြစ်လာစေဖို့ ကြိုးပမ်းခဲ့တာကို [...]
၁၉၈၉ ခုနှစ် အာဇာနည်နေ့မှာ "အ[...]
ဆောင်ပုဒ်နဲ့ လူထုချီတက်ပွဲပြုလုပ်ဖို့၊ အဲ[...]
ဈေးပုံစံ လူထုအုံကြွမှုကြီးနဲ့ Second[...]
ကြံစည်လာခဲ့ပါတယ်။ ဒါကြောင့် အစိုး[...]
မပြုလုပ်ဖို့ ကြိုတင်တားမြစ်ခြင်း၊ နေ[...]
ယူဂျီတွေကို ဖော်ထုတ်ဖမ်းဆီးခြင်း[...]
NLD မှာလည်း အဲဒီလူထုချီတက်ပွဲအ[...]
၁၈-၇-၁၉၈၉ရက်နေ့ တစ်ညလုံးဆွေ[...]
နောက်ဆုံးတော့ အန်တီစု တစ်ဦးတ[...]
အဲဒီအဆုံးအဖြတ်အတိုင်း နာခံကြဖို့[...]
အန်တီစုအနေနဲ့ အပြန်ပြန်အလှန်လှ[...]
၁၉၈၉ရက်နေ့ အရဏ်တက်ချိန်ကျမှ[...]
ဖျက်သိမ်းဖို့ ဆုံးဖြတ်ပေးခဲ့တယ်လို့ ကြ[...]
ဟာ အင်မတန် အရေးကြီးတဲ့ ဆုံးဖြ[...]

အန်တီစု တားဆီးပိတ်ပင်ထားမှုကြောင့် နေအိမ်မှာရှိနေစဉ်အတွင်း နိုင်ငံ့အကြီးအကဲများအနေနဲ့ ၂၀-၉-၁၉၉၄ ရက်နေ့မှာတစ်ကြိမ်၊ ၂၈-၁၀-၁၉၉၄ရက်နေ့မှာတစ်ကြိမ် အန်တီစုနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုမှာဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အန်တီစုနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံရှင်းလင်း ပြောကြားနေတာတွေ ကျွန်တော်တို့ ရုပ်မြင်သံကြားသတင်းများမှာ တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ဝမ်းမြောက်ကြည်နူးစရာ မြင်ကွင်းပါ။ ကျွန်တော့်လိုပဲ သာမန်ပြည်သူ အများစုအနေနဲ့လည်း အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လမ်းစပေါ်ပြီဆိုပြီး ဝမ်းသာအားရဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် သိပ်မကြာမီမှာဘဲ အန်တီစုဆီ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ် အလည်လာပြီး ၂၂-၁-၁၉၉၅ ရက်နေ့မှာ အင်္ဂလန်ပြန်ဖို့ ဗန်ကောက်လေဆိပ်အရောက် ထုတ်ပြန်ခဲ့တဲ့ အန်တီစုရဲ့ ကြေညာချက်ဆိုတာကြီး ထွက်ပေါ်လာခဲ့ပါတယ်။ အန်တီစုအနေနဲ့ နိုင်ငံတော်အစိုးရကို ဆက်လက် ဆန့်ကျင်တိုက်ပွဲဝင်သွားပါမယ်ဆိုတဲ့ ကြေညာချက်က ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်အားလုံးကို သဲထဲရေသွန်ဖြစ်စေခဲ့ပါတယ်။

ဗဟိုဦးစီးအဖွဲ့ကို အောင်-စု-တင် တို့က တစ်ဖွဲ့မှာ ၁၄ ဦးစီနဲ့ စုစုပေါင်း ၄၂ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမယ့် ၃-၁၂-၁၉၈၈ရက်နေ့မှာတော့ အန်တီစုရဲ့ အုပ်စုမှာ လက်ဝဲဝါဒီတွေ ဩဇာလွှမ်းမိုးလာတယ်လို့ အကြောင်းပြပြီး ဦးအောင်ကြီးဟာ သီးခြားပါတီခွဲထွက်ထူထောင်သွားခဲ့ပါတယ်။ ဦးအောင်ကြီး ထွက်သွားပြီးနောက်ပိုင်းမှာ NLD ကို အန်တီစုကပဲ လုံးလုံးလွှမ်းမိုးနိုင်ခဲ့ပြီး NLD ဗဟိုဦးစီးအဖွဲ့ဟာ အန်တီစုပြောသမျှ ခေါင်းညိတ်အတည်ပြု ပေးနေရတဲ့အဆင့်သာရှိတော့တယ်လို့ ကြားသိခဲ့ရပါတယ်။ "NLD အဖွဲ့ဝင်တွေဟာ အဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ခွဲခြားမမြင်နိုင်ကြဘူး၊ ပုဂ္ဂိုလ်ရေးဆန်လွန်းနေတယ်။ CECတွေကလည်း ဘုန်းကြီးကျောင်းက ကပ္ပိယတွေလိုပဲ ဆရာတော်ကြီးမသိဘဲ ဘာမှ မလုပ်ရဲဘူး။ အသေးအဖွဲ ပြဿနာလေးကအစ ဒေါ်အောင်ဆန်းစုကြည် မသိဘဲ ဆုံးဖြတ်ချက် မချပုံဖြစ်နေပြီ"ဆိုတဲ့ မိုးသီးဇွန်ရဲ့ "အမျိုးသား နိုင်ငံရေးလှုပ်ရှားမှုနှင့် အောင်ဆန်းစုကြည်အပေါ် သုံးသပ်ချက်" စာတမ်းကလည်း ကျွန်တော်တို့ ကြားသိထားသမျှကို အတည်ပြုပေးတဲ့သဘောဆောင်ခဲ့ပါတယ်။

ဒါ့အပြင် NLD ဟာ တာဝန်သိ ပါတီတစ်ခုအနေနဲ့ စည်းမျဉ်းဥပဒေများအတွင်းက စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူဝါဒလမ်းစဉ်များ ရေးဆွဲချပြခြင်းတွေကို ဆောင်ရွက်ရမယ့်အစား တပ်မတော်ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေးဆိုတဲ့ အစွန်းရောက်အယူအဆတွေကိုသာ လက်ကိုင်ထား ကျင့်သုံးနေတယ်လို့ အစိုးရဘက်က ဆိုခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့လည်း အမှားအမှန်ကို ခွဲခြားနိုင်စွမ်း မရှိခဲ့သေးတာ အမှန်ပါ။ ဒါပေမယ့် ၅-၆-၁၉၈၉ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ NLD သတင်းစာရှင်းလင်းပွဲမှာတော့ အန်တီစုကြွေးကြော်ခဲ့တဲ့ "အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ"ဆိုတဲ့ စကားဟာ အန်တီစုရဲ့ နိုင်ငံရေးရပ်တည်ချက်ကို ဖွင့်ပြခဲ့တာလို့ပဲ လက်ခံလိုက်ရပါတယ်။

ရပ်တည်မှုမှန်ကန်ခဲ့တဲ့အတွက် အဲဒီနှစ် အာဇာနည်နေ့မှာ မလိုလားအပ်တဲ့ အဓိကရုဏ်းတွေ၊ ဝမ်းနည်းကြေကွဲဖွယ်ကောင်းတဲ့ ထိခိုက်ဆုံးရှုံးမှုတွေ၊ မမြင်လိုမကြားလိုတဲ့ အနိဋ္ဌာရုံတွေကို လက်မတင်ကလေးရှောင်လွှဲနိုင်ခဲ့ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ပြည်သူတွေက အန်တီစုအပေါ် လေးစားမှု ရှိလာခဲ့ရတာ အမှန်ပါ။

ဒါပေမယ့် အန်တီစုရဲ့ အဲဒီအစီအစဉ်ဖျက်သိမ်းကြောင်း ညွှန်ကြားချက်ကို ပါတီမြို့နယ်ရုံးတွေကို ပို့ဖို့အချိန်မမီခဲ့တဲ့အတွက် တချို့မြို့နယ်တွေမှာ လက်လွန်ခြေလွန်ဖြစ်ခဲ့တာလေးတွေလည်း ရှိခဲ့ပါတယ်။ အန်တီစုရဲ့ "အာဇာနည်မျိုး သေရိုးမရှိ"ဆိုတာက ပြင်းထန်လွန်းတဲ့အပြင် ဆိုးရွားတဲ့ အကျိုးဆက်တွေအထိ ဦးတည်သွားနိုင်တယ်လို့ ကျွန်တော် မြင်မိပါတယ်။ ဒါ့အပြင် **အန်တီစုရဲ့ နေအိမ်ခြံဝင်းထဲမှာ ABSDF သောင်းကျန်းသူ ထောက်ပံ့ရေးကော်မတီ တွဲဖက်တာဝန်ခံ စိုးမြတ်သူ အပါအဝင် တရားမဝင် နေထိုင်သူ ၄၀ ကို ရှာဖွေတွေ့ရှိခဲ့တာကြောင့် အစိုးရက ၂၀-၇-၁၉၈၉ရက်နေ့မှာ အန်တီစုကို ပထမအကြိမ် နေအိမ်မှာ တားဆီးမိန့် ထုတ်ခဲ့ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးခဲ့ခြင်းဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ဥပဒေနဲ့ ညီ၊ မညီဆိုတာ ဥပဒေကိုကျွန်တော်တို့ထက် ပိုနားလည်တဲ့ အန်တီစု အသိဆုံးဖြစ်မှာပါ။**

အန်တီစု တားဆီးမိန့်နဲ့ နေအိမ်မှာရှိနေစဉ်အတွင်း နိုင်ငံ့အကြီးအကဲများအနေနဲ့ ၂၀-၉-၁၉၉၄ရက်နေ့မှာတစ်ကြိမ်၊၂၈-၁၀-၁၉၉၄ရက်နေ့မှာတစ်ကြိမ် အန်တီစုနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံ ဆွေးနွေးမှုမှာဆိုရင် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် အန်တီစုနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံရှင်းလင်း ပြောကြားနေတာတွေ ကျွန်တော်တို့ ရုပ်မြင်သံကြားသတင်းများမှာ တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ဝမ်းမြောက် ကြည်နူးစရာ မြင်ကွင်းပါ။ ကျွန်တော့်လိုပဲ သာမန်ပြည်သူအများစုအနေနဲ့လည်း အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး

အစိုးရဘက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်မလျှော့ဘဲ ၈-၁၀-၂၀၀၇ ရက်နေ့မှာ အလုပ်သမား ဒုဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် တရားဝင်တာဝန်ပေးအပ်ပြီး အန်တီစုနဲ့ တွေ့ဆုံရေးအတွက် ရှေ့ကို တစ်လှမ်းထပ်တိုးခဲ့တာကို တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အစိုးရဘက်ကတော့ အန်တီစုနဲ့တွေ့ဆုံဖို့ အခြေအနေတွေဆီ ဦးတည် ဖန်တီးလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း ဒီလိုအချိန်မျိုးမှာ အားလုံးအကျိုးအတွက် မောင်မောင်ဒေါ်တုန်း ဗျာထူးသင့်ပြီလို့ ကျွန်တော်အရိုးသားဆုံး မြင်မိပါတယ်။

အစိုးရအဖွဲ့ရဲ့ ကြေညာချက်အမှတ် (၁/၂၀၀၇)ဆိုတာ ထွက်လာတော့ ကျွန်တော်တို့ပြည်သူအားလုံး မျှော်လင့်တကြီးနဲ့ ဝမ်းသာကြည်နူး အားတက်ခဲ့ရပါတယ်။ အန်တီစုအနေနဲ့ ဆောင်ရွက်ပိတ်ဆို့မှု(၄)ချက်ကို စွန့်လွှတ်ကြောင်း ကြေညာမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အန်တီစုနဲ့ တိုက်ရိုက်တွေ့ဆုံမယ်လို့ ကမ်းလှမ်းလိုက်လို့ပါပဲ။ ဒါနိုင်ငံတော်ဘက်က တရားဝင် ကမ်းလှမ်းမှုပါ။ မစ္စတာ ဂမ်ဘာရီရောက်လာပြီး အန်တီစုနဲ့ နှစ်ကြိမ် တွေ့ဆုံတယ်လို့ ကြားနေရတော့ တစ်ခုခု ထူးနိုင်တယ်လို့ ထင်ခဲ့ပေမယ့် ဒီလောက်အထိ မမျှော်လင့်ရဲခဲ့တာ အမှန်ပါ။ အခုတော့ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် မင်္ဂလာသတင်းပါပဲ။ ပြည်သူအားလုံးက လက်ခံကြိုဆိုရမယ့် အပြုသဘော ခြေလှမ်းသစ်တစ်ရပ်လို့ ကျွန်တော်ခံစားနားလည်မိပါတယ်။

အန်တီစုကိုအရင်လွှတ်ပေးပါဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော် နားလည်သလောက် ပြောပြချင်ပါတယ်။ တည်ဆဲအစိုးရအနေနဲ့ အန်တီစုကို တမင်သက်သက် ထိန်းချုပ်လို့ ထိန်းထားရတာမဟုတ်လောက်ပါဘူး။ အစိုးရမှာလည်း မထိန်းရင် မဖြစ်တဲ့ အခြေအနေတွေ၊ အကြောင်းတရားတွေရှိနေလို့ ဖြစ်နိုင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ နှစ်ဖက်စလုံးမှာ ပြောစရာတွေ၊ ဝိဝါဒကွဲပြားစရာတွေ အများကြီးရှိနေမှာပါ။ ဒါပေမယ့် ဒါဟာ ဖြေရှင်းလို့မရတဲ့ ပြဿနာတစ်ရပ်တော့ မဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာ ပြေလည်သွားနိုင်မယ်လို့ပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

အဲဒီနောက်မှာတော့ **အန်တီစုအနေနဲ့ ဒီမိုကရေစီနည်းကျကျ တရားဥပဒေဘောင်အတွင်းက ဆောင်ရွက်ခြင်းထက် နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူဖို့၊ တစ်နည်းအားဖြင့် ၈၈ အရေးအခင်းပုံစံမျိုးထပ်ဖြစ်လာစေဖို့ ကြိုးပမ်းခဲ့တာကို မြင်လာ ကြားလာရပါတယ်။ ၁၉၈၉ ခုနှစ် အာဇာနည်နေ့မှာ "အာဇာနည်မျိုး သေရိုးမရှိ"ဆိုတဲ့ ဆောင်ပုဒ်နဲ့ လူထုချီတက်ပွဲပြုလုပ်ဖို့၊ အဲဒါကို အစိုးရက တားဆီးလာခဲ့ရင် ၈၈ပုံစံ လူထုအုံကြွမှုကြီးနဲ့ Second Revolution ပြုလုပ်ဖို့အထိ ကြံစည်လာခဲ့ပါတယ်။ ဒါကြောင့် အစိုးရဘက်ကလည်း ဒီလိုချီတက်မှုမျိုး မပြုလုပ်ဖို့ ကြိုတင်တားမြစ်ခြင်း၊ နောက်ကွယ်မှ ကြိုးကိုင်တဲ့ ဗကပ ယူဂျီတွေကို ဖော်ထုတ်ဖမ်းဆီးခြင်းတွေ ဆက်တိုက်လုပ်ခဲ့တာပါ။** NLD မှာလည်း အဲဒီလူထုချီတက်ပွဲအစီအစဉ် ဆက်လုပ်သင့်၊ မသင့် ၁၈-၇-၁၉၈၉ရက်နေ့ တစ်ညလုံးဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။ နောက်ဆုံးတော့ အန်တီစု တစ်ဦးတည်းက အဆုံးအဖြတ်ပေးဖို့နဲ့ အဲဒီအဆုံးအဖြတ်အတိုင်း နာခံကြဖို့ သဘောတူညီခဲ့ကြပါတယ်။ အန်တီစုအနေနဲ့ အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ်ပြီး ၁၉-၇-၁၉၈၉ရက်နေ့ အရုဏ်တက်ချိန်ကျမှ ချီတက်မယ့် အစီအစဉ်ကို ဖျက်သိမ်းဖို့ ဆုံးဖြတ်ပေးခဲ့တယ်လို့ ကြားသိရပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ အင်မတန် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ပါ။ အန်တီစုရဲ့ ဆုံးဖြတ်

အတွက် လမ်းစပေါ်ပြီဆိုပြီး ဝမ်းသာအားရဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် သိပ်မကြာမီမှာဘဲ အန်တီစုဆီ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ် အလည်လာပြီး ၂၂-၁-၁၉၉၅ရက်နေ့မှာ အင်္ဂလန်ပြန်ဖို့ ဗန်ကောက်လေဆိပ်အရောက် ထုတ်ပြန်ခဲ့တဲ့ အန်တီစုရဲ့ ကြေညာချက်ဆိုတာကြီး ထွက်ပေါ်လာခဲ့ပါတယ်။ အန်တီစုအနေနဲ့ နိုင်ငံတော်အစိုးရကို ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်သွားပါမယ်ဆိုတဲ့ ကြေညာချက်က ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်အားလုံးကို သဲထဲရေသွန် ဖြစ်စေခဲ့ပါတယ် အန်တီစုရေ။

အန်တီစုဘက်က ဒီလိုရှိခဲ့ပေမယ့် အစိုးရဘက်ကတော့ ၁၀-၇-၁၉၉၅ ရက်နေ့မှာ အန်တီစုကို တားဆီးမိန့်ရုပ်သိမ်းပေးခဲ့ပါတယ်။ အစိုးရအနေနဲ့ အဲဒီတုန်းက ကျင်းပနေတဲ့ အမျိုးသားညီလာခံမှာ NLD ပါဝင် တက်ရောက်နေလေတော့ အမျိုးသားညီလာခံရဲ့ လေးနက်ကျယ်ပြန့်မှုနဲ့ နိုင်ငံရေးအနှစ်သာရ ပြည့်ဝမှုတွေကို အန်တီစု သိမြင်နားလည်ပြီး အပြုသဘောဆောင်လာနိုင် ကောင်းရဲ့လို့ မျှော်လင့်ခဲ့ပုံရပါတယ်။ အစိုးရနဲ့ထပ်တူ ကျွန်တော်တို့ ပြည်သူများကလည်း အန်တီစုအပေါ် ဒီလိုပဲ မျှော်လင့်ခဲ့မိတာပါ။

ဒါပေမယ့် **တားဆီးမိန့်ရုပ်သိမ်းပြီး နောက်တစ်နေ့မှာပဲ သတင်းစာ ရှင်းလင်းပွဲလုပ်ပြီး အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးနဲ့ အလုံးစုံ ပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ် ရမယ် (We have to choose either dialogue or utter devastation) လို့ အန်တီစုတောင်းဆိုခဲ့တာကို တွေ့ရပြန်ပါတယ်။ လိုက်လျောမှု မရှိရင် အလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်သွားမယ် ဆိုတဲ့ သဘောလို့ ကျွန်တော် နားလည် မိလိုက်ပါတယ်။ ဒါ့အပြင် အန်တီစုဟာ နိုင်ငံခြားသံတမန်တွေ၊ သတင်းထောက်တွေနဲ့ တွေ့လိုက်၊ ဆွေးနွေးလိုက်၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဆီ စာတွေရေးပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြဖို့၊ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ မပေးကြဖို့၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြဖို့၊ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံကို လက်မခံကြဖို့ အဆက်မပြတ်တောင်းဆိုမှုတွေ လုပ်ခဲ့ ပါတယ်။ အစိုးရဘက်က မှတ်တမ်းတွေအရ တားဆီးမိန့် ရုပ်သိမ်းပြီး တစ်နှစ်တာကာလအတွင်း အန်တီစုနေအိမ်ကို နိုင်ငံခြားသံတမန်တွေ အကြိမ် ၉၀ ကျော် လာရောက်ခဲ့ပြီး အန်တီစုကလည်း သံတမန်တွေဆီ အကြိမ် ၄၀ ကျော် သွားရောက်ခဲ့တယ်။ ပြည်ပမီဒီယာများနဲ့ အကြိမ် ၁၇၀ ကျော် လက်ခံတွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။**

ဒီနေ့အစိုးရက ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ မြန်မာနိုင်ငံကို စီးပွားရေး အဆက်အသွယ်ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေးဆိုတဲ့ ဆောင်ရွက်ပိတ်ဆို့မှု (၄) ချက်ကို စွန့်ပါဆိုတော့ အန်တီစုရဲ့ နောက်လိုက်တွေနဲ့ ပြည်ပအဖျက်အမှောင့်တွေက တစ်ခါမှ မကြားဖူးတဲ့စကားကို အခုမှ ကြားဖူးသလိုမျိုး အတင်းငြင်းနေကြ ပါတယ်။ တစ်ခါမှ မကျူးလွန်ဖူးတဲ့ ပြစ်မှုကို နောင်မကျူးလွန်ပါဘူးလို့ ဝန်ခံခိုင်းသလို ဖြစ်နေပြီဆိုပြီး အတင်းကာနေကြပါတယ်။ တကယ်တော့ "အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ"လို့ ပြောခဲ့တာတွေ၊ "We have to choose either dialogue or utter devastation"လို့ အန်တီစုကိုယ်တိုင် အင်္ဂလိပ်လို ပြောဆို ကြေညာ ခဲ့တာတွေ၊ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ပေးပါလို့ တောင်းဆိုခဲ့တာတွေဟာ ဖုံးကွယ်လို့ရနိုင်တဲ့ ကိစ္စတွေမဟုတ်ပါဘူး။ ထို့အတူ ပြုပြင်ဖို့လည်း ခက်ခဲတဲ့အရာတွေ မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

ဆက်ပါဦးမယ်။ တားဆီးမိန့် ရုပ်သိမ်းပြီးနောက်ပိုင်း အန်တီစုဟာ NLD ကိုယ်တိုင် ပါဝင် **တက်ရောက်နေတဲ့ အမျိုးသားညီလာခံကို ဝေဖန်ပုတ်ခတ်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ပါတယ်။ ၉-၉-၁၉၉၅ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းသံအမတ်ကြီး မက်ဒလင်းအောဘရိုက်နဲ့ တွေ့ပြီးနောက်ပိုင်းမှာတော့ NLD အပါအဝင် နိုင်ငံရေး ပါတီများနဲ့ အကျေအလည် ညှိနှိုင်းဆွေးနွေးသတ်မှတ်ထားပြီးဖြစ်တဲ့ အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြောင်းလဲပေးဖို့နဲ့ ပြောင်းလဲမပေးပါက အမျိုးသားညီလာခံက NLD နုတ်ထွက်မှာ ဖြစ်ကြောင်း ပြောကြားလာခဲ့ပါတယ်။ ဆက်လက်ပြီး ကျင်းပဆဲ အမျိုးသားညီလာခံအပေါ် စွပ်စွဲပုတ်ခတ်မှုတွေ၊ ခြိမ်းခြောက်မှုတွေ တိုးလုပ်လာတဲ့အပြင် နောက်ဆုံးမှာ NLDကို ညီလာခံ ဆက်မတက်ဖို့ တစ်ချက်လွှတ်အမိန့်ပေးခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံ တက်ရောက်နေတဲ့ NLD ကိုယ်စားလှယ် ၈၆ ဦးတို့ဟာ ၂၈-၁၁-၁၉၉၅ရက်နေ့မှာ ညီလာခံကနေ ကျောခိုင်းထွက်ခွာခဲ့ရပါတယ်။** တကယ် စိတ်မကောင်းစရာပါ။ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်ကနေ ခေါင်းငိုက်စိုက်ချပြီး ကျောခိုင်းထွက်ခွာခဲ့ရတဲ့ အဲဒီပါတီကိုယ်စားလှယ် တွေအတွက် ယူကျုံးမရဖြစ်ခဲ့ရတာ အမှန်ပါ။

ကျွန်တော်ဆက်ပြီးပြောပါဦးမယ်။ ။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ဗန်းမော်မြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ တို့မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ဗန်းမော်မြို့ မြို့လယ်ဘောလုံးကွင်းမှ လက်ဝဲသုန္ဒရလမ်းအတိုင်း မြို့မရပ်ဈေး၊ ၎င်းမှ အလယ်ရပ်စာတိုက်လမ်း၊ ပညာ့ရိပ်သာလမ်း၊ ဗလမင်းထင်လမ်း၊ သီရိလမ်းအတိုင်း ချီတက်ကာ မြို့နယ်ဘောလုံးကွင်းသို့ လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများအလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ၊ ပြည်ပအားကိုး ပုဆိန်ရိုးများ အလိုမရှိ၊ ဒို့တာဝန် အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၁၄ လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားများရန် ဒို့တွန်းလှန်၊ဆူပူအကြမ်းဖက်သူဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်၊ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့်၊ တိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ သူ့ကျွန်မခံပါ၊ ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ၊ အမေကျော် ဒွေးဘော်မလွမ်းပါနှင့်၊ ပြည်ပအားကိုးပုဆိန်ရိုးများ အလိုမရှိ၊ VOA၊ BBC၊ RFAအသံလွှင့်ချက်များ အလိုမရှိ၊ VOA လိမ်နေသည်၊ BBC ညာနေသည်၊ RFA ရန်တိုက်ပေးနေသည်၊ DVBမြှောက်ထိုးပင့်ကော် လုပ်ပေးနေသည်၊ လေလှိုင်းပေါ်က အဖျက်သမားများ ပြည်သူအားလုံး သတိထား၊ အဲဒီဝေသာလီပုဏ္ဏားများ မယုံလေနဲ့ သတိထား၊ အမေရိကန် စီးပွားရေး ပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည်၊ အဆိုးမြင်ဝါဒီ ဒို့လက်မခံ၊ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသူများ ဆန့်ကျင်ကြ၊ တိုးတက်ရေးကို ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ NLD အလိုမရှိ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကွန်ဟိန်းမြို့နယ်၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

အလားတူ ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ရွှေကူမြို့နယ်အတွင်းမှ ပြည်သူအင်အား ၁၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ရွှေကူမြို့ အမှတ်(၂)ရပ်ကွက် အားကစားကွင်းမှ ဗိုလ်ချုပ်လမ်းအတိုင်း အမှတ်(၃)ရပ်ကွက်၊အမှတ်(၄)ရပ်ကွက်တို့ကိုဖြတ်ကျော်ပြီး အမှတ်(၄)ရပ်ကွက်ရှိမြို့လယ်ဘောလုံးကွင်းသို့လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ၊ ပြည်ပအားကိုး ပုဆိန်ရိုးများ အလိုမရှိ၊ ဒို့တာဝန်အရေးသုံးပါး စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၁၄လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများရန် ဒို့တွန်းလှန်၊ဆူပူအကြမ်းဖက်သူဒို့ရန်သူ၊ အမျိုးသားညီလာခံကိုထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အေးချမ်းမှုကိုမဖျက်ဆီးပါနှင့်၊ သူ့ကျွန်မခံပါ၊ တိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ၊ အမေကျော်ဒွေးဘော်မလွမ်းပါနှင့်၊ ပြည်ပအားကိုး ပုဆိန်ရိုးများ အလိုမရှိ၊ မိုးလုံးပြည့်မုသာဝါဒီ RFA၊VOA၊BBC အဖျက်သမားများသတိထား၊ RFA၊ VOA၊ BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား၊ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်။ အဲဒီ ဝေသာလီပုဏ္ဏားများ မယုံလေနဲ့ သတိထား၊ အမေရိကန်၏ စီးပွားရေး ပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည်၊ အဆိုးမြင်ဝါဒီ ဒို့လက်မခံ၊ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ တိုးတက်ရေးကို ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ NLD အလိုမရှိ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကွန်ဟိန်းမြို့နယ် မြို့ပေါ် ငါးရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူအင်အား ၁၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၇နာရီခွဲတွင် ကွန်ဟိန်းမြို့ မြို့မအားကစားကွင်းမှ သုခလမ်း၊ ၎င်းမှ စပယ်လမ်း၊ ၎င်းမှ မြို့မဈေးနှင့် မြို့နယ်ခန်းမကိုဖြတ်ကျော်၍ ပြည်ထောင်စုလမ်းမကြီးအတိုင်း၊ ၎င်းမှ တပ်နယ် အားကစားကွင်းအတွင်းသို့ လှည့်လည်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်။ ဆူပူအကြမ်းဖက်မှုကိုမလိုလား၊ လေလှိုင်းထဲက လူသတ်သမားများ BBC၊ VOAကိုသတိထား၊ ဖွံ့ဖြိုးတိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၇နာရီက ပြုလုပ်ရာ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ရပ်ကွက်မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် လားရှိုးမြို့ ယုံဟော်အားကစားကွင်းမှ သိန်းနီလမ်းအတိုင်း၊ ၎င်းမှ သုခလမ်း၊ သိန်းတိုက် ရပ်ရှင်ရုံအနီး ကြာဖြူလမ်းအတိုင်း၊၎င်းမှ ကြက်ခြေနီ ရုံးလမ်းထောင့်မှလမ်းမတော်လမ်းအတိုင်း(ဆေးရုံကြီးရှေ့)၊ ၎င်းမှတစ်ဆင့် အဝိုင်းပတ်မှ ပြည်ထောင်စုလမ်းမကြီးအတိုင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်ရမည် စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး အေးချမ်းမှုကို လိုလားသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ သူ့ကျွန်မခံပါ၊ ဝေသာလီပုဏ္ဏားများ မယုံလေနဲ့သတိထား၊နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့်ဆိုင်းဘုတ်များကိုကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲကို အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီက ပြုလုပ်ရာ သိန်းနီမြို့ပေါ်ရှိ ရပ်ကွက် လေးရပ်ကွက်နှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ အင်အား ၁၆၀၀၀ ကျော်တို့သည် သိန်းနီမြို့ နမ္မတူတံတားမှ ကွတ်ခိုင်လမ်းအတိုင်း အေးရှားဝေါလ်တိုးဂိတ်အထိလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC၊ VOA၊RFAလေလှိုင်းပေါ်က လူသတ်သမားများ သတိထား၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➢

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ရွှေကူမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီသက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဗန်းမော်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် လက်ဆောင်ပစ္စည်းများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(စစ်ကိုင်းတိုင်း တာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် စစ်ကိုင်းတိုင်းမှ ပြိုင်ပွဲဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဧည့်ရိပ်သာ၌ တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လက်ဆောင်ပေးအပ်

အဆိုပါတွေ့ဆုံပွဲသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ပါဝင်ယှဉ်ပြိုင်နေကြသည့် အဖွဲ့ခေါင်းဆောင် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းမှ ပြိုင်ပွဲဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ပြိုင်ပွဲဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးတင်သန်းဝင်းက လက်ခံသည်။

ယင်းနောက် စစ်ကိုင်းတိုင်းမှ ပြိုင်ပွဲဝင်များကိုယ်စား အုပ်ချုပ်သူ ဒေါ်ချိုချိုမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

နှုတ်ဆက်အားပေး

တွေ့ဆုံပွဲအပြီးတွင် ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ)ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များအား နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် စစ်ကိုင်းတိုင်းမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး လားရှိုးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

➢ စာမျက်နှာ ၁၀ မှ

ထို့အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ တန့်ယန်းမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်နှင့် လုံမုံ၊ ဟိုမန်း၊ ခိုယောင်း ကျေးရွာအုပ်စုများမှ ပြည်သူအင်အား ၁၇၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီတွင် တန့်ယန်းမြို့ ပန်ဆန်းလမ်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၎င်းမှ အနော်ရထာလမ်း၊ ၎င်းမှ ဘုရင့်နောင်လမ်း၊ ၎င်းမှ ယောမင်းကြီးလမ်း၊ ၎င်းမှ ဇီဝကလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင်ညီညာကြွေးကြော်ကြပြီး BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ အမေကျော် ဒွေးဘော်မလွှမ်းပါနဲ့၊ ဆရာဒကာသွေးစည်းမှု ဒို့ရေးရှူ၊ ကျွန်ဖြစ်မည့်အကြံ ဒို့လက်မခံ၊ အဖျက်သမား သတိထား၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေဝတီမြစ်ကူး အနော်ရထာတံတား(ချောက်)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် အောက်တိုဘာ ၁၉

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့်(၇) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေ အရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၀ရက် မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း ပြောင်းလဲ သတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

အမှတ်အသားပြသထား

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၀၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီးညအခါမီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက် တစ်ချက်တွင် ၁၅ပေခန့်ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ချမ်းမြေ့ရိပ်သာကျောင်း (၃၁)ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၅၅/က)ရှိ ချမ်းမြေ့ရိပ်သာကျောင်း၌ (၃၁)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ဦးဆောင်၍ ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက် နိုဝင်ဘာ ၄ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။ ချမ်းမြေ့ရိပ်သာကျောင်းအတွင်းရှိ ဝါဆိုသံဃာတော်များအပါအဝင် ပင့်သံဃာ အပါး ၁၂၀တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို နံနက် ၈နာရီမှ စ၍ အလှူရှင်များကိုယ်တိုင် ဆက်ကပ်နိုင်ရန်စီစဉ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာ ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်၊ အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ (၅၈)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်ပွဲ ကျင်းပ မည်ဖြစ်သည်။

အလှူရှင်များနှင့် ယောဂီများ ကိုယ်တိုင် ကထိန်သင်္ကန်းများကို နံနက် ၈နာရီတွင် ဆက်ကပ်ပူဇော်ပြီး နံနက် ၈နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသံဝရ(ချမ်းမြအောင်စည်) ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ကထိန်လျာ အနုမောဒနာတရား နာကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မူးယစ်ဆေးဝါး (printed:) မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

ညောင်လေးပင်မြို့နယ်ရှိ ဝေဇယန္တာဓမ္မရိပ်သာ၌ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဝေဇယန္တာဓမ္မရိပ်သာရှိ ဆရာတော် ဦးကောသလ္လအမှူးပြုသော သံဃာတော်တို့အား ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ တက်ရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၇ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ကုသိုလ်တစ်ပဲငရဲတစ်ပိဿာ"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၀-၁:၅၀	ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်
၈:၀၀-၂:၀၀	ထိမ်းမြားလက်ထပ်ပြီးစီးခြင်း (ဗိုလ်ချမ်းငြိမ်းကျော်နှင့် ခိုင်နှင်းဝေ)
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၈:၃၅-၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	မောမြေရဲ့အမောပြေ(ရှမ်းပြည်နယ်တောင်ပိုင်း)(လွိုင်လင်ခရိုင်)
၉:၂၅-၃:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀-၃:၃၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်(၃)
၉:၅၅-၃:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀-၄:၀၀	ကျောင်းသားလူငယ်နှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွဏ်း)
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်းခရီးတစ်ခေါက်
၁၀:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅-၅:၅၅	ကိတ်မုန့်ပေါ်ကအနုလက်ရာ
၁၂:၁၀-၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅-၆:၁၅	Music Talk (ဒေါက်တာဇော်သန်း၊ ဂီတလုလင်ဦးကိုကို)
၁၂:၅၀-၆:၅၀	ရွှေရောင်ကြယ်ပွင့်လေးတစ်ပွင့်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၃၀	ပွဲကြိုသုံးသပ်ချက်	ESPN(Live)
၆:၁၀	Everton-Liverpool	ESPN(Live)
၈:၂၅	Arsenal-Bolton	ESPN(Live)
	Middlesbrough-Chelsea	Star Sports(Live)
၁၀:၄၀	Aston Villa-Man Utd	Star Sports(Live)
၁၁:၃၀	Man City-Birmingham	ESPN(SDD)

ပုဂံရှေးဟောင်းဘုရား အမှတ် (၁၀၁၇)ပြုပြင်ရန် ILBC ကျောင်းများမှ ပထမအကြိမ် အလှူငွေကျပ် ၄၅သိန်း ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း လက်ခံယူစဉ်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရား အမှတ် (၁၀၁၇)အတွက် အလှူတော်ငွေပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

ILBC ကျောင်းများအားလုံး၏ စုပေါင်းအလှူငွေဖြင့် ပြန်လည်ဖော်ထုတ်ပြုပြင်မည့် ပုဂံဘုရားအမှတ်(၁၀၁၇) အတွက်ပထမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၆ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ရုံးအမှတ် (၃၅)၌ ကျင်းပရာ အလှူငွေ ကျပ် ၄၅သိန်းကို ILBC ကျောင်းသားရေးရာနှင့် ဝန်ထမ်းရေးရာဌာနမှူး ဦးသိန်းလွင်က ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက လက်ခံရယူသည်။

ယင်း ပုဂံရှေးဟောင်းဘုရား အမှတ်(၁၀၁၇)မှာ ပုဂံမြို့သစ်ဈေးတောင်ဘက် ပိုက်သေလဉ်ရပ်၌ တည်ရှိပြီး သိမ်ဘုရားအမျိုးအစားဖြစ်၍ ပန္နက်ခုံသာကျန်ရှိကာ ပြုပြင်ထိန်းသိမ်းမှု အစုစုအတွက် စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကုန်ကျမည်ဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းဘုရားပုထိုးများ အထူးပြုပြင်ထိန်းသိမ်းရေးစီမံကိန်းကို ၁၉၉၇ ခုနှစ်နိုဝင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီ၊ အုတ်ကျောင်း ၁၄၆၉ ဆူနှင့် ရှေးဟောင်းကုန်းဘုရား ၇၃၈ ဆူတို့ကို အင်္ဂါစုံပြုပြင်ပြီးဖြစ်သည်။ ပြုပြင်ဆဲခုနစ်ဆူနှင့် ပြုပြင်ရန် ကျန် ၃၀၁ ဆူရှိသည်။

ပြုပြင်ရန်ကျန်ရှိသော ဘုရားများအား လှူဒါန်းကုသိုလ်ယူလိုပါက လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၃၈၊ ဖုန်း-၀၆၇-၄၀၈၀၄၀၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း)ရုံး ဖုန်း-၀၁-၅၁၂၁၃၆၊ ဖုန်း-၀၁-၅၁၂၁၃၇၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း)ရုံး ဖုန်း-၀၂-၃၆၃၆၅၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၆၁-၆၀၂၆၉ နှင့် ရုံးအဖွဲ့မှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၀၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ကွင်း၌ ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် သုံးဂိုး
(စိုင်းသီဟထွန်း-နှစ်ဂိုး၊ ဇော်မင်းနိုင်-တစ်ဂိုး)
ရန်ကုန်တိုင်းစစ်ဌာနချုပ် နှစ်ဂိုး
(ရဲမင်းနိုင်နှင့် အောင်မြတ်ဇော်)
ကွင်းလယ်ဒိုင် တပ်ကြပ်ကြီးဝင်းချို

၂၂-၁၀-၂၀၀၇

ဗိုလ်လုပွဲ

လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်း

(ကြေးမုံ)

အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၅၉)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကို ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ် (၄၉-၅၁)ရှိ အဘိဓမ္မ ရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ အောက်တိုဘာ ၂၆ ရက် (သောကြာနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်သဖြင့် အသင်းသား၊ အသင်းသူများ ကြွရောက်ပူဇော်နိုင်ကြောင်း သတင်းရရှိရသည်။ (က-ပ)

သန့်တည်ပွား လူငယ်တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအဖွဲ့ (သန့်တည်ပွား) ၏ဒုတိယအကြိမ်မြောက် လူငယ်အခိဋ္ဌာန်တရားစခန်းကို အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် (၅) ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါတရားစခန်းသို့ ပဉ္စမတန်းမှ နဝမတန်းအထိ တက်ရောက်နေသော ကျောင်းသား ကျောင်းသူ လူငယ်များဝင်ရောက်နိုင်ပြီး သန့်တည်ပွားရုံးအဖွဲ့ ဖုန်း-၇၂၇၂၂၃သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ လာမည့် နိုဝင်ဘာလအတွင်း ကိုးရက်အခိဋ္ဌာန်တရားစခန်းများကို နိုဝင်ဘာ ၁ရက်မှ ၉ရက်အထိ တစ်ကြိမ်၊ နိုဝင်ဘာ ၁၁ ရက်မှ ၁၉ ရက်အထိ တစ်ကြိမ်၊ နိုဝင်ဘာ ၂၁ရက်မှ ၂၉ရက်အထိ တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ ကိုအောင်သူမိုးအား ရည်စူး၍ သူငယ်ချင်းများဖြစ်ကြသော ကိုဇော်အောင်၊ ကိုမင်းကိုလွင်၊ ကိုအောင်ဇော်ဦး၊ ကိုဇော်ထက်အောင်မိသားစု တို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို မြားပစ်လက်ရွေးစင်များ လက်ရည်စမ်းပြိုင်

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို မြန်မာမြားပစ် အားကစားသမားများ၏ လက်ရည်ဆန်းစစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဒေါက်တာခင်ရွှေ၊ အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီးနောက် (၂၄) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာမြားပစ်အဖွဲ့အား တွေ့ဆုံမှာကြားသည်။ ယင်းနောက် မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)တို့က လာမည့် ထိုင်းဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်နေမှုများ၊ အားကစားသမားများ၏ လေ့ကျင့်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာမြားပစ်အဖွဲ့ အင်အားဖြည့်အစားအစာအတွက် ငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

အောက်တိုဘာ ၁၆ ရက်တွင် ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။ ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲများတွင် ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ လက်ရည်ဆန်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲလေးမျိုး ထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသား Recurve ပြိုင်ပွဲတွင် ပထမ ဇော်ဝင်းထိုက်၊ ဒုတိယ နေမျိုးအောင်၊ တတိယ ကျော်လင်းထွန်း၊ Compound အမျိုးသားပြိုင်ပွဲတွင် ပထမ ရဲမင်းဆွေ၊ ဒုတိယ ချစ်ဝင်းရှိန်၊ တတိယ ကျော်ချမ်းငြိမ်း၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ အောင်ငြိမ်း၊ ဒုတိယ ယုနန္ဒာထိုက်၊ တတိယ တင်ဇင်အိနှင့် အသင်းလိုက်ပြိုင်ပွဲတွင် Recurve (အမျိုးသား) အသင်းက အနိုင်ရဗိုလ်စွဲခဲ့ကြသည်။ ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် မြားပစ်ကစားသမား ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရွှေလိပ်ပြာအိမ်ရာ ဆွမ်းအောင်ပွဲ အလှူတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ဝါတွင်းသုံးလ ကာလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော ကျောင်းတိုက်ကြီး ၁၇တိုက်မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ရာ သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၂၆ ရက်)တွင် ဆွမ်းအောင်ပွဲကို ကျင်းပမည်ဖြစ်ပြီး ကျောင်းတိုက်ကြီး ၁၇တိုက်မှ ဆရာတော်ကြီး ၁၇ပါးအား ပင့်ဖိတ်၍ ငွေပဒေသာပင်နှင့် ဆွမ်းဆန်တော်များလှူဒါန်း၍ ရေစက်သွန်းချမည်ဖြစ်သည်။

ငွေပဒေသာပင်နှင့်ဆွမ်းဆန်တော်များလှူဒါန်းလိုပါက အသင်းတည်ရှိရာ ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာရှေ့ အလှူတော်မင်္ဂလာမဏ္ဍပ်သို့လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၅	၄။ ကျန်းမာသုတ
၁၂:၃၀	၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "မျက်ရည်ရှင်းတမ်း" သရုပ်ဆောင်-နေတိုး၊ စိုးမြတ်နန္ဒာ**
၁:၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၅။ မျိုးချစ်တပ်မတော်
၄:၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ့်အချစ်ဆုံး (အပိုင်း-၁၈)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ လူရွှင်တော်ရွှေဖလား
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သစ္စာကြီးမား(သား)ပေါင်းချိန် အပိုင်း (၃၆)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

တရားပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဆရာတော်ဦးဥတ္တမ (အဝိဇ္ဇာမှ ဝိဇ္ဇာသို့) ၏ တရားပွဲများကို အောက်တိုဘာ ၂၁ရက်မှ ၂၅ရက်အထိ ဗိုလ်တထောင် စေတီတော် ဆိပ်ကမ်းမွှာရုံ၌ လည်းကောင်း၊ အောက်တိုဘာ ၂၆ရက်မှ ၂၈ရက်အထိ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ထို့အပြင် ဗိုလ်တထောင်မြို့နယ် ၄၅လမ်း၊ အမှတ်(၄၅)ရှိ သဘာဝရိပ်သာ ဖုန်း-၂၉၈၁၉၆ တွင် လစဉ်တရားစခန်း နှစ်ကြိမ် ပြုလုပ်လျက်ရှိသည်။ (က-ပ)

ပြည်မြို့၊ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့၊ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်၊ (နိုဝင်ဘာလ ၁၇ရက်) မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၂၆ရက်)အထိ (၁၀၈)နှစ်ပြည့် ခေတ္တရာမြတ်စွယ်တော် အပူဇော်ခံပွဲနှင့် ပူးတွဲကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့် ဆိုင်ခန်းခငွေများကို သီတင်းကျွတ်လပြည့်ကျော် ၁၅ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များအား တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှစ၍ နေရာ ချထားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂေါပကအဖွဲ့၊ ပြည်မြို့

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းငွမ်းရုံဈေးရပ်နေ ကိုတင်ထွဋ်ဦး-မအိအိဇင် (ပွင့်လင်းပုံနှိပ်လုပ်ငန်း)၏ မောင်၊ မမိမိဇင်၏အစ်ကို၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းအေး ရွှေနဒီ၊ မြကြီးသာဆေးလိပ်ကိုယ်စားလှယ်နှင့် ကုန်မျိုးစုံရောင်းဝယ်ရေး (မန္တလေး-ဗန်းမော်)တို့၏သား

မောင်နေဇာလင်း B.Sc (Physics)

နှင့်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်၊ ၇၄လမ်း၊ ၂၉-၃၀ကြားနေ ကိုမင်းခန့်ကို (ပြည့်စုံ ဒီဂျစ်တယ် ကတ္တားရောင်းဝယ်ရေး)၏ ညီမ၊ ဦးမြင့်မောင်-ဒေါ်ချိုချိုညွန့် ပြည့်စုံပဲဆီသန့် ဆီစက်နှင့် ကတ္တားပြုပြင်ရောင်းဝယ်ရေးတို့၏ သမီး

မချိုသဥ္ဇာမြင့် B.A (English) B.C.Tech

တို့သည် ၁၉-၁၀-၂၀၀၇နေ့တွင် မန္တလေးမြို့ (Sedona Hotel Amarapura Ballroom) ၌ နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်နေဇာလင်း-မချိုသဥ္ဇာမြင့်

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့တွင် ကျရောက်သော ချစ်ဦးလေး **ဦးအောင်သိန်း** (ဂ အောင် ငါးခြောက်လုပ်ငန်း) ချစ်အန်တီ ဒေါ်သန်းသန်းအေး(ခ)ဒေါ်စိုးစိုးတို့၏ (၂၅)နှစ် မြောက် ငွေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်သော မိသားစုဆွေမျိုးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်တူမ - မာလာမြင့်(ခ)မော်မော်အေး ဇင်မာသင်း

INVITATION FOR TENDER

german agro action

Deutsche Welthungerhilfe/German Agro Action, in collaboration with the Department of Basic Education No (3), is planning to undertake

Construction and Renovation of Primary Schools
in Yangon Division outside City Area.

We invite National Construction Companies to participate in bidding.
Work items are as follows:

(1) One storey Brick Noggin building (1) (120'x30').
(2) One storey Brick Noggin building (1) (100'x30').
(3) One storey Brick Noggin building (1) (80'x30').
(4) One storey Brick Noggin building (1) (60'x30').
(5) Repair works at existing buildings of (4) schools.

Interest parties are invited to get more detailed information and pick up tendering forms at our office premises not later than 25th October, 2007.
Closing Tender: **2nd November, 2007**
Office Address: German Agro Action Project office
O-134, Orchid Lane 4, FMI City, Hlaing Thayar Tsp,
Phone: 01-687416 or 682445 ~ 48, Ext:(1058)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမျိုးမင်းထွန်း [၁၂/ရကန(နိုင်)၀၀၁၂၀၄] နှင့် ဒေါ်ရင်ရင်အောင် [၁၂/ဒဂတ(နိုင်)၀၁၅၅၂၈] ကိုင်ဆောင်သူတို့က ဦးညွန့်တင် [၁၂/တမန(နိုင်)၀၁၂၉၆၈] ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ တာမွေမြို့နယ် (ကျောက်မြောင်း) စကြာလမ်း၊ အမှတ်(၁၇) (၇) လွှာ (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းအား ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက တရားဝင် အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဝင်း တရားရုံးချုပ်ရှေ့နေ (စဉ်-၇၀၆၀)
တိုက်(၂၇၄)၊ အခန်း(၁၅)၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၇၀၃၃၊ ၇၂၀၁၉၃

မင်္ဂလာရာမပါဠိတက္ကသိုလ် မဟာပဝါရဏာပွဲပြုလုပ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ရဋ္ဌသာရ (အဂ္ဂမဟာပဏ္ဍိတ) အမှူးရှိသော နာယက စာချ/စာသင် သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ပါးတို့က (၇)ကြိမ်မြောက် သံဃမဟာ ပဝါရဏာပွဲတော်ကို ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့် (မဟာပဝါရဏာနေ့) အောက်တိုဘာ ၂၆ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

၁၀" ဒန်အိုးများဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ၁၀" ဒန်အိုးအလုံး(၂၀၀၀၀) ဝယ်ယူလိုပါသည်။
၂။ တင်ဒါပိတ်ရက်မှာ ၅-၁၁-၂၀၀၇ ရက် (၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀ိ/-(ကျပ်သုံးထောင်တိတိ)နှုန်းဖြင့်ပစ္စည်းဝယ်ယူရေးကော်မတီ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံး အမှတ်(၂၃)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၆၇-၄၀၄၃၆၉၊ ၄၀၄၀၄၆၊ ၄၀၄၀၄၇ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
မော်လမြိုင်မြို့နယ် နယ်တရားမရုံး၌
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

မဝေဇင်ထိုက်		မောင်ကျော်သက်နောင်
အမှတ်-၆၃/အေ၊ သုတလမ်း	**နှင့်**	အမှတ်-၈၉၊အောင်သုခလမ်း
ဒိုင်းဝန်ကွင်း		ထန်းပင်ကုန်း၊ ဒိုင်းဝန်ကွင်း
လှည်းတန်းရပ်၊ မော်လမြိုင်မြို့		မော်လမြိုင်မြို့
တရားလို		**တရားခံ**

မော်လမြိုင်မြို့၊ အမှတ် ၈၉၊ အောင်သုခလမ်း ထန်းပင်ကုန်းရပ်၊ ဒိုင်းဝန်ကွင်း မောင်ကျော်သက်နောင် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်လင်မယားမဟုတ်ကြောင်း မြွက်ဟကြေညာလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂၉ ရက် (၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)နေ့မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ဝင်းမြင့်
ဒုတိယမြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

တာကလမ်း
အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ⟺ မန္တလေး ၊ ရန်ကုန် ⟺ ပြင်ဦးလွင်
ခရီးစဉ်အပြင် တိုးချဲ့ခရီးစဉ်အဖြစ် (၂၃-၁၀-၂၀၀၇) မှ စတင်၍ပြေးဆွဲပါမည်။
☎ ၀၁- ၇၂၅၀၆၉ ရန်ကုန် ⟺ လားရှိုး (အခန်း-၉၊ မန်ဆူ
၀၁- ၇၂၇၁၆၆ အဝေးပြေးဝင်း ၀၉-၅၂၃၁၆၉၆)

"ပါကေးခင်းဂန္တဝင်နေ့များအတွက်"
Ready Made Floor
Home Distribution Group
Warehouse Sale Promotion
(21.10.07 မှ 31.10.07 ထိ)
No. F2 - 6 (ပ-ထပ်)၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ (ဖ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
Ph: 394949, 394950, 394951 Fax: (+95-1-394948)

နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
လွင်မြင့်အောင် မြင်းခွါရွက်ဆေးညည်
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးရောဂါများကုသရန်၊ ခွန်အားသစ်ကိုဖြစ်ထွန်းစေရန်၊ မှတ်ဉာဏ်ကောင်းမွန်စေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Lwin Myint Aung Industrial Co.,Ltd အမှတ်(၁၃၀/ဂ)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၅၄၈၈၇၄၊
Certificate TH06/0850.1QM

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့်-

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့်-

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား

(20-10)20.P65 1 10/20/07, 3:45 AM